
စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ်
# ဟာသဝတ္ထုများ
# (၄)


ရန်အောင်၊ အောင်မြင်၊ မောင်ကျော်သာ၊
မောင်စည်သူ၊ နတ်မောက်ဘုန်းကျော်၊
တက္ကသိုလ်နန္ဒမိတ်၊ ဇဝန၊ ထင်လင်း၊
ဂုဏ်ရောင်၊ ခင်သန်းမြင့်၊
ကျော်အောင်၊ တက္ကသိုလ်မြတ်စိုး၊
ရန်ကုန်ဘဆွေ၊ အောင်မလ၊
ဇင်အောင်၊ မြမျိုးလွင်၊
သိန်းဖေမြင့်၊ သော်တာဆွေ

mgyoe.com

mgyoe.com

ရန်အောင်၊ အောင်မြင်၊ မောင်ကျော်သာ၊
မောင်စည်သူ၊ နတ်မောက်ဘုန်းကျော်၊
တက္ကသိုလ်နန္ဒမိတ်၊ ဇဝန၊ ထင်လင်း၊
ဂုဏ်ရောင်၊ ခင်သန်းမြင့်၊
ကျော်အောင်၊ တက္ကသိုလ်မြတ်စိုး၊
ရန်ကုန်ဘဆွေ၊ အောင်မလ၊
ဇင်အောင်၊ မြမျိုးလွင်၊
သိန်းဖေမြင့်၊ သော်တာဆွေ စသည့်
နာမည်ကျော်စာရေးဆရာကြီးများ၏
ရှားရှားပါးပါး ဟာသဝတ္ထုများ
ပြန်လည်စုစည်းခြင်း

kls0064
2800.00 Ks
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၀၉၀ · ၀၄

အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၄)
ရန်အောင်နှင့်အခြား - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄။
စာမျက်နှာ ၂၄၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၄)

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ (၄)

[illegible]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ(၄)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ၁။ | အိမ်ထောင်ရေး | ရန်အောင် | ၁ |
| ၂။ | အ–အ–အ–ပြက်လုံး | အောင်မြင် | ၉ |
| ၃။ | ကလီကမာ | မောင်ကျော်သာ | ၂၅ |
| ၄။ | ပင်မြက်မြေဇာ | မောင်စည်သူ | ၃၅ |
| ၅။ | မျက်စိမှားစားမယ် | နတ်မောက်ဘုန်းကျော် | ၄၅ |
| ၆။ | လက်တွေ့ဗေဒင်ဆြာ | တက္ကသိုလ်နန္ဒမိတ် | ၅၅ |
| ၇။ | ကျလဲကျတဲ့ကိုကို | ၄ | ၆၉ |
| ၈။ | ဘဝပန်းဥယျာဉ်ကလေ | ထင်လင်း | ၈၁ |
| ၉။ | ကတုံးမှု တရားခံ | ဂုဏ်ရောင် | ၈၇ |
| ၁၀။ | ဂြိုဟ်ဆိုးတစ်ခွက် | ခင်သန်းမြင့် | ၉၉ |
| ၁၁။ | ကိုအုန်းကျော်ပြောပြသောဝတ္ထု ၂ ပုဒ် | ကျော်အောင် | ၁၀၅ |
| ၁၂။ | ဆရာ–အဟမ်း | တက္ကသိုလ်မြတ်စိုး | ၁၁၅ |
| ၁၃။ | လူကြီးဒေခဲ့ဂျား | ရန်ကုန်ဘဆွေ | ၁၂၃ |
| ၁၄။ | အောင်ဗလန့် | အောင်ဗလ | ၁၂၇ |
| ၁၅။ | ပြီးတော့ ကြောင်ကိုပါယူသည် | ဇင်အောင် | ၁၄၁ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| | အောက်မေ့ဖွယ် | |
| ၁၆။ သမက်ဂုဏော | မြမျိုးလွင် | ၁၅၇ |
| ၁၇။ အနိဋ္ဌာရုံပါတကား | သိန်းဖေမြင့် | ၂၀၉ |
| ၁၈။ အဆုံးနှင့်အစ | သော်တာဆွေ | ၂၃၁ |


mgyoe.com

mgyoe.com

# အိမ်ထောင်ရေးဒုက္ခ

ရန်အောင်

"အိမ်ထောင်ရေး ဒုက္ခတွေ ကြုံရချေသော် ထိုဒုက္ခသည် လင်မယား အတွက်ကားမကောင်း။ သို့သော် ယင်းအိမ်ထောင်ရေး ဒုက္ခကို အရင်းပြု လျက် အမြတ်ထုတ်တတ်လျှင် တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းလှပါ ပေတော့သတည်း။ ။"

အထက်ပါစကားကို ကျွန်တော်သည် တော်ရမ်းမယ်ဘွဲ့၊ အကျယ် ချဲ့ကာ အရွဲ့တိုက်၍ ဆိုခြင်းမဟုတ်ပါ။ တကယ် လက်တွေ့ သုံးသပ် ဆည်းပူးအပ်သဖြင့် သိမှတ်ရသော သင်ခန်းစာမှ ထုတ်နုတ်ဖော်ပြခြင်းသာ လျှင် ဖြစ်ပါသည်။

'ဃရာဝါသော ဗဟုကိစ္စော' ဟူသည် စကားအတိုင်း အိမ်ထောင် ရေးကိစ္စတာဝန်များကား ကြီးမားမြားမြောင်လှ၏။ ယင်းသည့် မြောက်မြား လှသောကိစ္စ အတန်တန်ရှိသည့်အတွက်ကြောင့်ပင်လျှင် ဒုက္ခအတန်တန် ဆင်းရဲမှု အဖန်ဖန်တို့ ပေါ်ပေါက်ရခြင်းဖြစ်ပါသည်။

အိမ်ထောင်ရေးဒုက္ခဟူရာ၌ လင်သော်လည်းကောင်း၊ မယားသော် လည်းကောင်း၊ အကျင့်ဖောက်ပြား မယားငယ်ယူခြင်း၊ လင်စောင်ထားခြင်း ကိစ္စမျှကိုသာ အိမ်ထောင်ရေးဒုက္ခဟု မမှတ်ယူစေလိုပါ။ ဆွေရေး၊ မျိုးရေး သားသမီးရေးတို့သည်လည်းကောင်း၊ စီးပွားရေး၊ ရှာရေးဖွေရေးသည်လည်း ကောင်း၊ လင်နှင့်မယား စိတ်သဘောချင်း မတိုက်ဆိုင်မှု၊ အဆင်မပြေမှု

mgyoe.com

mgyoe.com


သည်လည်းကောင်း၊ မကျန်းမမာဖြစ်ရေး၊ သေဆုံးရေးသည် လည်းကောင်း၊ အားလုံးသော ကိစ္စအရပ်ရပ်တို့သည် အိမ်ထောင်ရေး ဒုက္ခတွင် အကျုံးဝင်လျက်ရှိပါ၏။ ကျွန်တော့်အတွက် ပြောရလျှင် ပထမအိမ်ထောင်မှာ ကျင့်ဆောင်ပုံ ဟန်မကျသဖြင့် ကွာရ ရှင်းရပေရာ ဤသို့ မိမိ၏မယား၊ ချစ်သက်ထားနှင့် ကွဲပြားကွေကွင်းရခြင်းသည်လည်း အိမ်ထောင်ရေး ဒုက္ခတစ်ရပ်ပင် မဟုတ်ပါလော။

ဒုတိယဇနီး မန်းမနီး ရေဝေးအညာသူကလေးမှာလည်း ကျွန်တော်၏ မျက်ကွယ်တွင် မျက်နှာငယ်ငယ်ဖြင့် ကွယ်လွန်သေဆုံး၍သွားရှာရပေရာ၊ အနှာသည်လည်း အပူကြီးလှသောအိမ်ထောင်ရေးဒုက္ခမီးပင် မဟုတ်ဟုလော။

ယခုလက်ရှိမယား၊ ဦးတည် ဖွားနွယ်၊ ပေါက်ဖော်မယ်ကား...အမယ်လေး...ဘသမီး... ဒေါ်စကီးသဖြင့် အများကြီးစိတ်ရှုပ်ရပြန်ချေ၏။

သို့သော် ... အိမ်ထောင်ရေး ဒုက္ခ၊ ဒီလိုင်းတွေထပေမယ့်၊ ကောင်းလှသည့် အချက်တွေကို တွက်ရေခေါင်းခေါက်၍ ပြလိုပါသည်။

လွန်ခဲ့သည့် ၅ နှစ်ခန့်က ကျွန်တော်သည် အိမ်ထောင်ရေး ဒီလှိုင်းပတ်သဖြင့် သမုဒ်တွင် လွင့်စဉ်၍သွားလျက် အင်းစိန်မြို့ အနီးအပါးက ထန်းတပင်မြို့ကလေးတွင် ၇ ရက်မျှ ခိုအောင်း နေထိုင်ခိုက်တွင် ဆောင်းပါး ၇ ပုဒ်နှင့် မဂ္ဂဇင်း ဝတ္ထုရှည် တစ်ပုဒ်ကို ချက်တဖြုတ် ရေးသားနိုင်ခဲ့ပေရာ ဤမျှလောက် ရက်အနည်းအပါးတွင် စာများများရေးနိုင်ခြင်းကား အကြောင်းရင်းရှိလေသလောဟု စောကြောစစ်ဆေး မျှော်တွေး စဉ်းစားလိုက်သည်ရှိသော် လားလား...အကြောင်းရင်းကား...ယင်းသည် အိမ်ထောင်ရေးဒုက္ခမီးလျှံတွေထသဖြင့် အုံကြွကာ ဉာဏ်ထွက်ပြီး စက်ကဲ့သို့ အလုပ်လုပ်နိုင်ခြင်းသာလျှင် ဖြစ်ပါပေတော့သတည်း။

ယင်းစကား၏ ထင်ရှားသော သာဓကများကို ပြပါမည်။

ကွယ်လွန်လေပြီးသော ကျွန်တော်တို့ ဗမာပြည်ခေါင်းဆောင်ကြီးတစ်ဦးမှာ အိမ်ထောင်ရေး ဒုက္ခ မကြာခဏတွေ့ရသည်ဟု ကြားဖူးပါ၏။ အိမ်ရှင်ဇနီး ချစ်မငြိုးနှင့်၊ ဂရိုးဂရိုး စကားများလျက် မခေါ်မပြောဘဲ နေခဲ့သည့် အကြိမ်ပေါင်းမှာ မြောက်မြားစွာပင် ရှိသည်ဟု ကြားရဖူးပါသည်။

mgyoe.com

mgyoe.com


မကွယ်လွန်မီ တစ်ရက်ကပင်လျှင် အိမ်ရှင်မနှင့် အချင်းများလျက် တစ်ပါး ဌာနသို့ သွားရောက်အိပ်စက်ရသည်ဟု ကြားရပါ၏။ သို့ဖြစ်ပါလျက် စာပေလောက၊ အနုပညာလောက၊ ဂီတပန်တျာ ပညာအရပ်ရပ်တို့အတွက် အနှိုပုဂ္ဂိုလ်ကြီး ဖန်တီးဆောင်ရွက်၍ သွားခဲ့သော ကိစ္စမြောက်မြားစွာပင် ကျန်ခဲ့ပေရာ အိမ်ထောင်ရေး ဒုက္ခသည် ကာယကံရှင်အတွက် အကျိုးယုတ် သော်လည်း၊ တိုင်းပြည်အတွက်ကား အကျိုးရှိသည်ဟု ကျွန်တော်ဆိုခြင်း ဖြစ်ပါသည်။

စာပေ၏ ဘုရင်တစ်ဆူဖြစ်ပေသော ဆရာပီမိုးနင်းမှာလည်း အိမ် ထောင်ရေး ဒုက္ခ မြောက်မြားစွာကို တွေ့ကြုံရ ရှာပါသည်။ ဆရာပီမိုးနင်း၏ အိမ်ထောင်ရေးဒုက္ခများအနက် ထင်ရှားသော သာဓကများကား သားကြီးဩရသ ကျော်စိုးမှာ တစ်ပါးသူ လက်ချက်ဖြင့် အသက်ထွက်ဇီဝိန် ကြွေသောကြောင့် ပီမိုးနင်းခမျာ ပဋ္ဌာမြေလူး ဖြစ်ခဲ့ရ၏ ။ ယင်းသည့်နောက် ကျော်စိုးတို့မိခင်မှာ မျက်မမြင် ဒုက္ခိတ ဘဝသို့ ရောက်ခဲ့၏။ ဤမျှသာ မဟုတ်တုံသေး။ ဆရာပီမိုးနင်း၏ ထာဝရ ဒုက္ခလည်း ရှိရှာပါသေး၏။ ထိုထာဝရ ဒုက္ခကား ဝမ်းရေးအတွက် အမြဲပူပန်ကြောင့်ကြနေရခြင်းပင် ဖြစ်ရာ ယင်းသည့်ဒုက္ခ အဝဝတို့ကြားမှ စာများ အတောမသတ်ရေးနိုင်ခြင်း မှာ ဒုက္ခကြောင့်ပင်လျှင် တသွင်သွင်ရေးနိုင်ရှာသလားဟု စဉ်းစားဖွယ် မရှိပါလော။

တိုင်းတစ်ပါးမှ ထင်ရှား ကျော်ကြားလှသော အိမ်ထောင်ရေး ဒုက္ခ သည်ကြီးများ ရှုပါဦး။

အမေရိကန် သမ္မတကြီး လင်ကွန်းမှာ အိမ်ထောင်ရေး ဒုက္ခ အမြဲ တွေ့၍ နေရှာသောပုဂ္ဂိုလ်ကြီးဟု ဥဒါန်းတွင်ရစ်ပါပေတော့သည်။

လင်ကွန်း၏ သမိုင်းကို ရေးသားသည့်ကိုယ်တွေ့ ပုဂ္ဂိုလ်တစ်ဦးက "လင်ကွန်း၏ အနှစ် ၂၀ မျှသော အိမ်ထောင်သည်ဘဝ၌ တစ်နေ့တစ်ရက် တာမျှပင် စိတ်ရွှင်လန်းချမ်းမြေ့ခြင်း မဖြစ်ခဲ့ရရှာပေ"ဟု ရေးသားခြင်းကို ထောက်လျှင် လင်ကွန်းမှာ အဘယ်မျှ ဒုက္ခသည်သည့်အိမ်ထောင်ရှင်ကြီး ဖြစ်ကြောင်း စဉ်းစားနိုင်လောက်ပါ၏။

လင်ကွန်းက သူ့မိတ်ဆွေ တစ်ဦးထံသို့ ပေးသည့်စာတစ်စောင်တွင်

mgyoe.com

mgyoe.com


လည်း အောက်ပါ အချက်အလက်များပါ၏။

"ဤကမ္ဘာလောက၌ ရှိရှိသမျှသော ဒုက္ခိတသတ္တဝါများထဲတွင် ကျွန်ုပ်သာလျှင် စိတ်အဆင်းရဲဆုံး ဖြစ်၏။ အကယ်၍ ကျွန်ုပ်၏နှလုံးထဲတွင် ပေါ်ပေါက်ခံစားရသည့် ဒုက္ခဝေဒနာများကို လူသားအားလုံးတို့အား အညီအမျှ ခွဲဝေပေးလိုက်ပါဘိမူကား ဤကမ္ဘာလောကတွင် ရှိသမျှသော လူအပေါင်းတွင် တစ်ဦးတစ်ယောက်မျှ ရွှင်ရွှင်လန်းလန်း ရှိနိုင်ကြတော့မည် မဟုတ်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ကျွန်ုပ်သည် ဤဘဝမျိုးဖြင့် အသက်ရှင်၍ မနေလိုတော့ပါ။ အသက်ရှင်၍ နေရခြင်းထက် သေရခြင်းက မြတ်ပေသေး၏..."

အထက်ပါ လင်ကွန်း၏စာကိုထောက်လျှင် သူ့ခမျာ အဘယ်မျှ အိမ်ထောင်ရေး ဒုက္ခကျရောက် ခံစားနေရရှာသည်ကို တွေးချင့်နိုင်လောက်ပါပေပြီ။

ဤမျှသာမဟုတ်တုံသေး။ လင်ကွန်း၏ ဒုက္ခဖြစ်အင်ကို မျက်မြင်ကိုယ်တွေ့ပုဂ္ဂိုလ်တစ်ဦးက "တစ်ခါကဗျာ ညေ့ပရိသတ် ဗိုလ်ပုံအလယ်မှာပေါ့...ပြောပဲ မပြောချင်တော့ပါဘူး။ ကျုပ်တို့ သမ္မတ သူတော်ကောင်းကြီးကို သူ့ဇနီးက လက်ဖက်ရည်ပူပူထည့်ထားတဲ့ ပန်းကန်နဲ့ပေါက်ပြီး ပူဇော်ကန်တော့တယ်ဗျ...။ ကျုပ်တို့ သမ္မတကြီးဟာ အိပ်ခါနီးဆုတောင်းပတ္ထနာပြုတာတောင် တစ်ခါမှ ရွှင်ရွှင်လန်းလန်းပြုတာ မမြင်ရပါဘူး..."ဟု ဆိုသတတ်။

ဤမျှ ငရဲသားပမာ အိမ်ထောင်ရေး ဒုက္ခဝေဒနာကို ကြီးလှစွာ ခံစားရရှာသော သမ္မတကြီး လင်ကွန်း ကြိုးပမ်းဆောင်ရွက်ခဲ့သွားသည့် အချက်အလက် ကွင်းကွင်းကွက်ကွက်တို့သည်ကား မြောက်မြားလှစွာရှိကြောင်း လူအပေါင်းတို့ သိကြပြီး ဖြစ်ပါ၏။

ယင်းသို့ တိုင်းပြည်နှင့် လူမျိုးအတွက်လည်းကောင်း ကမ္ဘာ့အစီးအပွားအတွက်လည်းကောင်း ဤမျှလောက် စွမ်းစွမ်းတမံအား အန်စိုက်ထုတ် လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အိမ်ထောင်ရေး ဒုက္ခ၏ ကျေးဇူးလည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ကျွန်တော် ယုံကြည် မိပါသည်။

သာဓကတစ်ရပ်ကို ရှုပါဦး။ ကမ္ဘာကျော် ရပ်ရှား စာရေးဆရာကြီး

mgyoe.com

mgyoe.com
တော်လစတွိုင်၏ အိမ်ထောင်ရေး ဒုက္ခကြီးမားလှပုံပင် ဖြစ်၏။

ဆရာကြီး တော်လစတွိုင်သည် သူ့မိတ်ဆွေ စာရေးဆရာတစ်ဦးအား "လူတွေဟာ မြေလျင် လှုပ်လို့ ပျက်စီးသေဆုံးရတဲ့ ဘေးဆိုးကြီးက လွတ်ကင်းအောင် ကြံဆောင်ကြိုးပမ်းနိုင်တယ်။ ရောဂါဘယ ကပ်ရောက်နှိပ်စက်ခြင်းက လွတ်ကင်းသက်သာစေတဲ့ နည်းတွေကိုလည်း ကြံစည်ရှာဖွေနိုင်တယ်။ စိတ်နှလုံးပူပန်ဆွေးမြေ့ခြင်းက လွတ်ကင်းနိုင်တဲ့ 'သောကကင်းဝေးနေနိုင်ရေး' နည်းတွေကိုလည်း တီထွင် ကြံဆနိုင်ကြတယ်။ သို့ပေမဲ့...အင်း... သို့ပေမဲ့...မယားတွေ နှိပ်စက်ခြင်းဘေးမှ လင်တွေ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ဖို့တော့ ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်ပါဘူးဗျာ..."ဟု ပြောပြည်းညူရှာလေသတည်း။

ဤမျှသာ မဟုတ်တုံသေး။ ဆရာကြီးတော်လ်စတွိုင်းသည် ဣတ္ထိယတို့၏ သရုပ်ကို ပျစ်ပျစ်နှစ်နှစ်ဖော်ကာ မိတ်ဆွေတစ်ဦးအား ပြောပြလေသေး၏။ "မိန်းမတွေအကြောင်းတော့ဗျာ...ကျုပ် သင်္ချိုင်း.ကို ခြေမချမခြင်း မပြောသေးဘူးဗျ... ရေငုံနေရဦးမယ်...။ အဲ... သင်္ချိုင်းကို ခြေချတာနဲ့ တပြိုင်နက် မိန်းမတွေအကြောင်းကို ဖွင့်ချမယ်။ အဲဒီလို ဖွင့်ချလို့ စကားဆုံးတာနဲ့ တပြိုင်နက် သင်္ချိုင်းဂူထဲကို ခုန်ချပြီး တစ်ခါတည်း မြေတွင်းအောင်းလိုက်တော့မှာပဲ..."

ဤမျှမိန်းမတွေကို ရွံမုန်းသူ (ဝါ) အိမ်ထောင်ရေး ဒုက္ခကြီးမားလှသူ ဆရာကြီး ကော်လ်စတွိုင်းမှာ စာပေလောကတွင် အဘယ်မျှ နာမည်ကြီးလျက် အဘယ်လောက် ဂုဏ်မြောက်သည့်စာပေတွေကို ရေးသား ပြုစုနိုင်ခဲ့သည်များကိုကား ဗမာသာလျှင်မက ကမ္ဘာကပင် သိရှိခဲ့ပြီ မဟုတ်ပါလော။

ဤမျှသာမကသေး၊ ကျွန်တော်တို့ မြန်မာရာဇဝင်တွင် စာ–ဘုရင်ဖြစ်တော်မူသော နတ်ရှင်နောင် ကိုယ်တော်မှ ရာဇဓာတုကလျာအတွက် ဝက်ဝက်ကွဲအောင် ဝမ်းနည်းပူဆွေး ရတက်မအေးရသည့်အတွက်ကြောင့်ပင်လျှင် များဖြင့် သောင်းသောင်း စာပေကောင်းတို့ကို ရုံးပေါင်း ရေးသားတော်မူနိုင်ခဲ့ခြင်း ဖြစ်ပါ၏။

၎င်းပြင် ဗမာ ရှိတ်စပီးယား ထင်ရှားကျော်လှ၊ ဦးပုညမှာ ဤမျှလောက် စာကောင်းပေကောင်းတွေ ရေးနိုင်ခြင်း၏အကြောင်းရင်း ဇာစ်မြစ်
mgyoe.com

mgyoe.com

ကို ဖွင့်လှစ်ရှာဖွေ၍ ကြည့်သည်ရှိသော်..

မဟာဦးပုညမှာ အိမ်ထောင်ရေး အဆင်မပြေလှသဖြင့် မယားရသည်ဟု မကြားဘူးပါပေ။ မိန်းမ ကျမ်းကျေလျက် မိန်းမတွေဝိုင်းဝိုင်းလည်ပြီး ရှက်စဖွယ်ဖြစ်ရသည်ဟု ဆောဘီကပုတ်ခတ်မှုကြောင့် "နောက်ပိုးမေတ္တာစာ" ယင်းသည့်ဟာ ထွက်လာရသည် မဟုတ်ပါလော။

ၚင်းပြင် တာဝ ဇီဝိန်ကြွေရသည်မှာလည်း မိန်းမအတွက်ကြောင့်ပင်လျှင် ဖြစ်ရာ အကြင်ဦးပုည စာမောက္ခမှာ အဆင်မပြေလှသော အိမ်ထောင်ရေးဒုက္ခ လှလှကြီး သင့်သောကြောင့်သာလျှင် ဂုဏ်မြင့်ပြောင်မြောက်သော စာတွေရေးနိုင်သည်ဟု ထင်တွေးမှတ်ယူထိုက်လှသည် မဟုတ်လော။

အထက်တွင်ဖော်ပြခဲ့သည့် ကွယ်လွန်သူ ဗမာခေါင်းဆောင်ကြီးတစ်ဦးသည်လည်းကောင်း ဆရာပီမိုးနင်းသည်လည်းကောင်း၊ အမေရိကန်သမ္မတကြီး လင်ကွန်းနှင့် ရပ်ရှားစာရေးဆရာ ကျော်ကြီး တော်လ်စတွိုင်းသည်လည်းကောင်း ရာဇဝင်တွင် စာတင်ရသည့် နတ်ရှင်နောင်နှင့် ဦးပုညတို့သည်လည်းကောင်း၊ ဤမျှလောက်အမျိုးသားအကျိုး၊ လောကအကျိုး၊ ကမ္ဘာ့အကျိုး ဆောင်ရွက်နိုင်ခဲ့ကြခြင်း၏ အကြောင်းရင်းများတွင် အိမ်ထောင်ရေး ဒုက္ခမှာ အဓိကအချက်တစ်ရပ် ဖြစ်သည်ဟု ဆိုနိုင်ပါသတည်း။

လက်တွေ့ပြယုတ်ကား ကျွန်တော်တည်းဟူသော အညတြ ငါ့ဒုက္ခသည် ပထမဇနီးနှင့် အကွဲကြီးကွဲရအံ့ဆဲဆဲတွင် ကျွန်တော်ရေးသည့် အိမ်ထောင်ရေးကျမ်းများအနက် အကောင်းဆုံး တစ်အုပ်ဖြစ်သော 'အချစ်အဘိဓမ္မာ' ကို ရေးခဲ့၏။

ဒုတိယဇနီးသေဆုံးပြီးနောက် အပူကြီးပူနေသည့်အချိန်၊ ဂျပန်ခေတ်ဦးတွင် ထူးခြားသော 'ချစ်မယားနှင့် စစ်သား' ဝတ္ထုကို ရေးခဲ့၏။

ကျွန်တော်၏ဖခင်သည်လည်းကောင်း ကျွန်တော်၏သားဦးကလေးသည်လည်းကောင်း မရှေးမနှောင်း ကွယ်လွန်ကြသောအချိန်အတွင်းက ပူရင်း ဆွေးရင်း ဝမ်းနည်းရင်းဖြင့် 'အဖေ'ဝတ္ထုကိုလူထုက ချီးမွမ်းခြင်း ခံရလောက်အောင် ရေးခဲ့၏။

အထက်တွင် ဆိုခဲ့သည့်အတိုင်း မယားနှင့် ကွဲ တစ်ယောက်တည်းဖြင့် ဝမ်းနည်းဆွေးမြေ့နေသည့် ၇ ရက်အတွင်းတွင်'ရန်အောင် တောထွက်

mgyoe.com

ခန်း ' ဦးဖိုးကျား ရှိပါသေး၏။ ' စသော စာ ၈ ပိုဒ်ကို ချက်တဖြုတ်ရေးနိုင်ခဲ့ပေသည်။

ဤကား ကျွန်တော်၏ လက်တွေ့သာဓကတွေ ဖြစ်ပါ၏။ အိမ်ထောင်ရေးဒုက္ခအတွက် ဘောက်မဲ့ကြောင့် ဤမျှ အလုပ်လုပ်နိုင်သနည်းဟု မေးဖွယ်ရှိပါ၏။

အဖြေကား...လောကီလူသား ပုထုဇဉ်များတို့သည် ကြီးမားသော တဏှာပေမ သမုဒယ စိတ်တွေရှိကြသည် မဟုတ်ပါလော။

သတ္တဝါတို့၏ တစ်သက်တာတွင် အိမ်ထောင်ရေးအရသာကို ရလိုမိလို ခံစားလိုကြသည်မှာ အဓိက အချက်အချာပင် မဟုတ်ပါလား။

ယင်းသည် အာသာဆန္ဒ ပြင်းထန်လှသည့် အိမ်ထောင်ရေးသုခကို မရ၊ မမိဖြစ်ချေဘိသော် မချိတရိပူဆွေး၍လာ၏။ စိတ်နာ၍လာ၏။ သွေးပူ၍လာ၏။ ဦးနှောက်ဆူ၍ လာ၏။

ထိုထိုသော သွေးပူမှု ဦးနှောက်ဆူမှုသည်ပင်လျှင် စက်ရုပ်အသွင် အတ္တဘောကို ဝေါကနဲ ခလုတ်နှိပ်၍ ပေးလိုက်သည့်သဖွယ် ဖြစ်ကာ တန်ပြန်သဘောဖြင့် အလုပ်တွေ အတောမသတ် လုပ်ခြင်း ဖြစ်ပါတော့သတည်း။

လက်တွေ့ကား ဤစာကိုရေးသည့် ၁၃–၂–၅၅ နေ့တွင် ဆိုသည်ရှိသော် မယားကပူ၊ ကလေးတွေကဆူသဖြင့် အေးရာအေးကြောင်း အလုပ်ကောင်းတစ်ခုတော့ဖြင့် ထ၍လုပ်ပေမှတော်တော့မကိုးဟု တွေးကာ စာရေးဆရာပီပီ စာထ၍ရေး၊ ကလေးငိုသည်ကို ထ၍ချော့၊ ယင်းသို့ကလေးငယ်ကို ချော့နေဆဲတွင် နို့ညှာကလေးက ရေးပြီးသား စာတွေခြစ်ပစ်၊ ဆိုးညစ်သည့်ကံ တာတေလန်ကို တော်လှန်လိုသော စိတ်ဓာတ်ဖြင့် ကလေးချီရင်း ယင်းသည် ဤစာ ရတနာကို ချောမောစွာ ရေးနိုင်ခြင်း ဖြစ်ပေရကား၊ ပညာသည်များ အလုပ်ပွားပြီး ကြိုးစားအားထုတ်နိုင်ပါစေကြောင်း ဖနီးကောင်းတို့က ထောင်းထုပုတ်ခတ်၊ ပါးစပ်ကဆဲ၊ စဉ်အမြဲဖြင့် လွန်ကဲသော ဒုက္ခကို မုချ ပေးနိုင်ကြပါစေသတည်း။ ။

၁၉၅၅ ခုနှစ်၊ ဇွန်လ၊ မြဝတီမဂ္ဂဇင်း

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အ-အ-အ-ပြက်လုံး

အောင်မြင်

(၁)

သူဌေးကြီးဦးဖိုးကြွယ်သည် အင်းလျားကန်ဘေးရှိ ၂ သိန်းခွဲတန် တိုက်ကြီးတစ်လုံးနှင့် နေထိုင်လျက် ရှိ၏။ ဦးဖိုးကြွယ်၏ အလုပ်တိုက်မှာ ရန်ကုန်မြို့ထဲတွင် ရှိလေရာ၊ ကျန်းမာရေးကို အဓိကထားသော ဦးဖိုးကြွယ် သည် သူ့တိုက်ဝမှနေ၍ ကမာရွတ် အဝိုင်းကြီးအထိ လမ်းလျှောက်သွား၏။ ထိုအခါတွင် သူ၏ မာစီဒီးကားကြီးသည် သခင့်နောက်က သစ္စာ ကျိုးနွံစွာ အမြီးနှံ့၍ လိုက်သောခွေးကဲ့သို့ ဦးဖိုးကြွယ်၏နောက်မလှမ်းမကမ်းမှ လိုမ့်၍ လိုက်သွားရ၏။ ကမာရွတ်ဂတ်နားသို့ ရောက်ခါမှ ဦးဖိုးကြွယ်သည် ကားပေါ်သို့တက်ကာ အလုပ်တိုက်သို့ စီးနင်းလိုက်ပါသွား၏။ ဦးဖိုးကြွယ် ကား ဤမျှ ကြွယ်ဝသတည်း။

ဦးဖိုးကြွယ်တွင် ဆွေမျိုးနီးစပ် တူတစ်ယောက်ရှိသည်။ ထိုတူ၏ အမည်မှာ မောင်လှအောင်ဖြစ်လျက် ကောလိပ်ကျောင်းတွင် ကျောင်းအိပ် ကျောင်းစားနေသူ ဖြစ်သည်။ ဘယ်အဆောင်ဘယ်အခန်းရယ်လို့တော့ မရေး ပါရစေနှင့်။ အဲ...အဆောင်နာမည်ကို မရေးလိုသော်လည်း အခန်းနံပါတ် ကတော့ အပေါ်ဆုံးထပ်က အခန်းတံခါး၏ နံပါတ်ဖြစ်ကြောင်းကို ဖော်ကောင်လုပ်ပါရစေ။ မောင်လှအောင်၏ အကြောင်းကို ရုပ်ရှင်ရိုက်မည် ဆိုလျှင် မောင်လှအောင်၏နေရာ၌ လူထုအောင်သံ ဇာတ်လိုက် မိုလ်ဇကို သည် အသင့်တော်ဆုံးဖြစ်သည်ဟု ရေးရလျှင် မောင်လှအောင်၏ ရုပ်ရည်ကို

mgyoe.com

mgyoe.com

အရှည်အလျားဖော်ပြဖွယ် လိုတော့မည်မဟုတ်။ မောင်လှအောင်သည် ဦးကြီး ဦးဖိုးကြွယ်၏ တိုက်ကနေ၍ ကျောင်းတက်လျှင် ဖြစ်နိုင်သော်လည်း လွတ်လွတ်လပ်လပ်နေလိုသောကြောင့် ကျောင်းအိပ်ကျောင်းစားနေခြင်းဖြစ်၏။ ပိုက်ဆံဆိုတာ ပဲလှော်လောက်ပေါနေသော ဦးဖိုးကြွယ်က တူတော်မောင်လှအောင်အား ကြိုက်သလိုပင် နေခွင့်ပြုခဲ့လေသည်။

ဦးဖိုးကြွယ်၏ တိုက်အိမ်ကြီးတွင် အိမ်ထောင်ကို ဦးစီးသူမှာကား ခင်မမဖြစ်သည်။ ခင်မမသည်လည်း ဦးဖိုးကြွယ်၏ တူမ သုံးဝမ်းကွဲလောက်တော်စပ်သူကလေးဖြစ်သည်။ ခင်မြရင်ငယ်ငယ်က လှသလိုလှ၍ အင်္ဂလိပ်စာ ဆယ်တန်းတတ်သည်။ ဦးဖိုးကြွယ်မှာ သားသမီးမဲ့သော မုဆိုးဖိုကြီးဖြစ်သဖြင့် ခင်မမကို ကျောင်းဆရာမကလေးအလုပ်မှ ခေါ်ထုတ်၍ အိမ်တွင် အိမ်ထောင်ကို ဦးစီးစေသည်။ စိန်နှစ်သောင်းကျော်ဖိုးဆင်၍ ထားသည်။ လူဆိုသည်မှာ ဒုက္ခဘုံသားဖြစ်လေရာ ဦးဖိုးကြွယ်သည် ကိုယ့်တွင် ဒုက္ခမရှိသောကြောင့် သူများဒုက္ခကို တမင်ယူ၍ ထမ်းနေသူ ဖြစ်လေသည်။

မောင်လှအောင်နှင့် ခင်မမတို့သည် မောင်နှမငါးဝမ်းကွဲခန့် တော်စပ်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းကဲ့သို့ ခင်မင်ကြသည်။ သို့သော် မောင်နှစ်မ ငါးဝမ်းကွဲ၍ အဘယ်သူတို့က မောင်နှမအရင်းလို ခင်ပါသည်ဟု ထင်ကြမည်နည်း။ ဆေားလူတို့၏ အယူအဆ၌ကား တစ်နေ့သော တစ်နေ့တွင် မောင်လှအောင်နှင့် ခင်မမတို့သည် ဝတ်ကောင်းစားလှများကိုဝတ်ကာ ကြာဖုံပေါ်၌ ထိုင်ကြမည်။ ပုဏ္ဏားတော် ဦးဒေါနက ဘာဟိန်တရိ၊ ညာဟိန်တရိ၊ ဟတ္တာဟိန်ဒရိတွေကို ရွတ်မည်။ ခရုသင်းထဲကရေကို အောင်နှင့်ခင်တို့ လက်စုံချထားသော ငွေဖလားထဲ လောင်းထည့်မည်။ ပြီးတော့ ဦးဖိုးကြွယ်အား ဘုရားခေါ်လျှင် မောင်လှအောင်နှင့် ခင်မမတို့က ရှိပစ္စည်းကို ကောင်းမွန်စွာစောင့်ရှောက် ကျန်ရစ်မည်ဟူသော အယူအဆများသာ ဖုံးလွှမ်းနေ၏။ ယင်းသည့်အခိုက်တွင် အရှုပ်အထွေးတစ်ခုခုကို ဖာတ်၍ အားနာနာနှင့် ထည့်ပေးရတော့မည်။ လောကကြီးက အရှုပ်သားမဟုတ်ပါလား။

ယခင် အနှစ် သုံးဆယ်လောက်က ဦးဖိုးကြွယ်သည်အညာဒေသက ကိုဖိုးကြွယ်ကလေးဘဝ၌သာရှိသေး၏။ ထိုစဉ်အခါက ကိုဖိုးကြွယ်က
mgyoe.com

mgyoe.com
လေးတွင် ကိုဖိုးထယ်ဟူသော ညီတစ်ယောက် ရှိခဲ့ဖူးလေသည်။ ကိုဖိုးထယ်သည် ရှမ်းပြည်ဘက်သို့ ကျောက်တွင်း သတ္တုတွင်း တူးရန်ထွက်သွားရာ စုတ်စမြုပ်စပေါ်မလာတော့။ ဦးဖိုးကြွယ်သာလျှင် ရန်ကုန်သို့ ရောက်ကာ သူဌေးဖြစ်လာ၏။ တစ်နေ့တွင် ဦးဖိုးကြွယ်ထံသို့ စာတစ်စောင် ရောက်လာ၏။ ထိုစာမှာ ကျောင်းသုံး ကုလားမခေါင်းစာအုပ်က စာရွက်ပေါ်တွင် ရေးထားပြီး ခေါ်ပုပ်စော်နံလေသည်။ လက်ရေးမှာ ခပ်ချာချာနှင့် သတ်ပုံလည်း မှားလိုက်သေး၏။

ထိုစာအရ ကိုဖိုးထယ်သည် အမိ ပထဝီ၏ ဗိုက်ထဲမှ ကျောက်မြတ်ရတနာများကို တူးဖော် ရှာဖွေရာ၌ ကျောက်များကိုမရ။ ငှက်ဖျားကြောင့် မိမိတူးသောတွင်းတစ်ခု၌ပင် အပြီးသတ်ဝင်၍ အောင်ကာ မိခင်ပထဝီ၏ ဝမ်းကြားတိုက်ထဲသို့ ဝင်ရမည့်အခြေဆိုက်နေ၏။ ပြင်းလှသော ချက်အရက်ကပင် ငှက်ဖျားကို တက်ကနိကယ်နှော့ကောက်နှင့် အရှုံးပေးနေရ၏။ သူကျောက်တွင်းရှာသော နှစ်ပေါင်း ၃၀ အတွင်းတွင် သူရခဲ့သည်မှာကား ရှမ်းဇနီးသည်တစ်ဦးနှင့် သမီးငယ်တစ်ယောက်ဖြစ်၏။ ဇနီးသည် ကွယ်လွန်သည်မှာ ဆယ်နှစ်ရှိ၍ မိမိလည်း တွင်းအောင်းရကာ နီးပြီဖြစ်ရာ ယခုအသက် ၁၉ နှစ်ရွယ်ရှိပြီဖြစ်သော သမီးပျိုအား အစ်ကိုထံ စရိတ်ပေး၍ လွှတ်လိုက်ကြောင်း၊ ရောက်လျှင် ဦးဖိုးကြွယ်က ထမင်းကျွေး၊ အဝတ်ပေး၊ ပညာသင် ကောင်းကောင်းထား ချစ်ချစ်ခင်ခင် စောင့်ရှောက်ပေးနေ၍ သမီးလက်ထပ်သောအခါမှ လူချင်းခွဲကြရန်ဖြစ်ကြောင်းတို့ကို ကိုဖိုးထယ်က ရေးလိုက်၏။

ကမ္ဘာကြီးသည် ကမ္ဘာလိပ်ကြီးပေါ်၌ တည်နေသည်ဟု ဆို၏။ မြင့်မိုရ်တောင်ကြီးကို ငါးကြီးအာနန္ဒာက ပတ်ထားသည် ဆို၏။ ထိုလိပ်ကြီးနှင့် ငါးကြီးတို့သည် သမုဒ္ဒရာပေါ်၌နေ၏။ သမုဒ္ဒရာအောက်က ဘာရှိသနည်း။ တချို့ကတော့အာကာသရှိသည်ဆို၏။ ငအောင်မြင်တို့အထင်တော့ သမုဒ္ဒရာကို ဦးဖိုးကြွယ်လို လူစားတွေက ထမ်းထားသည်ဟု ထင်သည်။

နန်းစံကူ မီးရထားဖြင့် ရန်ကုန်သို့ ရောက်လာသောနေ့က ဦးဖိုးကြွယ်တို့မိသားစုက ဘူတာရုံကို မာစီးဒီးကားကြီးနှင့် သွားကြိုကြသည်။ နန်းစံကူ
mgyoe.com

mgyoe.com

(ဦးဖိုးထယ်၏သမီး)သည် နေပူထဲတွင် သွားအားကြီး၍ အသားညိုနေသည်။ သို့သော် ပါးအို့ကလေးများချည်းကွက်၍ ဝင်းနေသောကြောင့် အတွင်းသားကလေးများ မည်မျှဖြူဖွေးမည်ကို သိနိုင်လေသည်။ သူ့ရုပ်ရည်မှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းဖွံ့ဖြိုးသလောက် ရိုးသားသောအသွင်ရှိသည်။ သို့သော် ခြောက်လုံးပြူးပြပြီး ကားပေါ်အတင်းဆွဲတင်တတ်သောလူငယ်များပင် နန်းစံကူကို မဆွဲခင်နှစ်ခါ စဉ်းစားရမည့်ရုပ်မျိုး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နန်းစံကူသည် အတော်ကြီးသော သားရေသေတ္တာခပ်စုတ်စုတ်တစ်လုံးကို ကိုယ်တိုင်ဆွဲ၍ တွဲပေါ်က ဆင်းလာသည်။ ကူလီတစ်ယောက်က "ပေး...မမ ကျွန်တော် သယ်မယ်..."ဟု ဆိုကာ သားရေသေတ္တာကို လှမ်းယူသည်။ ကူလီညွှက်ညွှက်သည် သားရေသေတ္တာကို အင်းအဲနှင့် မနည်းဆွဲရသည်။ ခြေဆယ်လှမ်းခန့် သွားမိလျှင် နား၍ ပင့်သက်ရှူနေတော့သည်။

"အနန်းက ချစ်စရာကြီးပဲ။ ကိုယ့်တို့ညီအမတော့ အဖော်ရပြီ..."ဟု ခင်မမကပြုံး၍ကြိုကာ ပခုံးကိုဖက်၏။

"ဟုတ်ကဲ့ မမ..."ဟု နန်းစံကူဘဝမှ အနန်းဘဝသို့ရောက်သွားရာက ရှမ်းမလေးက ဆိုလိုက်သည်။

"ကဲ...သွားကြစို့ တူမကြီးရေ့၊ ဦးကြီးအိမ်မှာ ပျော်ပျော်နေပေတော့။ ကိုယ့်အိမ် ကိုယ့်ယာလိုသာ သဘောထား..."ဟု ဦးဖိုးကြွယ်က ပြောလိုက်သည်တွင် အနန်းက ချစ်စဖွယ်ပြုံး၍ "ကျေးဇူးပါပဲဦးကြီး"ဟု ဖွယ်ရာစွာပြောသည်။

"ဒို့ကတော့အနန်းကို ညီမလေးလို့ ခေါ်မယ်နော်"ဟု ကိုလှအောင်က ပြောလိုက်ရာ အနန်းက "ဟုတ်ကဲ့..."ဟု ဆိုပြီး သူ့သားရေသေတ္တာကို လှမ်းကြည့်သည်။ ပြီးမှ "အစ်ကိုရဲ့ သေတ္တာကို ဟိုလူ့လက်ထဲက ယူခဲ့ပါ။ အထဲမှာ ဖေဖေက ဓာတ်ခွဲကြည့်ဖို့ပေးလိုက်တဲ့ သတ္တုရိုင်းတွေနဲ့ ကျောက်ရိုင်းတွေပါတယ်..."ဟု ပြောလိုက်လေသည်။

(၂)

ယောကျ်ားတစ်ယောက်နှင့် မိန်းမပျိုနှစ်ဦး(သို့မဟုတ်) မိန်းမပျို

mgyoe.com

mgyoe.com


တစ်ဦးနှင့် ယောက်ျားပျိုနှစ်ဦး(သို့မဟုတ်) မိန်းမပျိုတစ်ဦးနှင့် ယောက်ျားပျို တစ်ဦး မယားရှိလင်တစ်ဦး (သို့မဟုတ်)အဲလေ ထားပါတော့။ ထိုကဲ့သို့သော အရှုပ်အထွေးပြဿနာကို တြိဂံဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည်။ သို့သော် ထိုတြိဂံများသည် တော်၏လျော်စွာ တြိဂံများ မဟုတ်ကြ။ အပျိုလူပျိုတွေချည်းဆိုလျှင် သုံးနားညီ တြိဂံဖြစ်၏။ အအိုတစ်ယောက်ပါလျှင် နှစ်နားညီ တြိဂံဖြစ်၏။ သို့သော် ရှမ်းကပြားမကလေး အနန်း၊ ရွှေဂုန်သူ ခင်မမနှင့် ကောလိပ်ကျောင်းသား ကိုလှအောင်တို့၏ တြိဂံမှာကား ဒေါင့်မှန်တြိဂံဖြစ်နေလျက် အရှည်ဆုံးအနားမှာ ခင်မမ ဖြစ်နေလေသည်။ ရှင်းပါလိမ့်မည် ဆက်ဖတ်ပါ။

တစ်ခုသော နံနက်ခင်းတွင် ဖြစ်၏။ ဦးဖိုးကြွယ်သည် ထမင်းစားပြီးစဖြစ်၍ ခေတ္တထမင်းလုံးစီရင်း ကြော်ငြာ ၁၀ မျက်နှာပါသော သတင်းစာတစ်စောင်ကို ပျင်းပျင်းရိရိ ဖတ်နေ၏။ ဤအချိန်၌ ဦးဖိုးကြွယ်သည် တူမရင်းချာကလေး အနန်းကို ရိုးသားမှုကြောင့်လည်းကောင်း၊ ညီဖြစ်သူ ကိုဖိုးထယ်ကဲ့သို့ ဘာမဆို လွတ်လွတ်လပ်လပ်ကြီး ပြောရဲဆိုရဲ ပွင့်လင်းလှသောကြောင့်လည်းကောင်း၊ သမီးရင်းသဖွယ် ချစ်ခင်နေပြီ ဖြစ်လေ၏။

အစေခံမလေး တစ်ယောက်သည် စာအိပ်ပြာကလေးတစ်လုံးကို ယူလာ၏။ လိပ်စာတွင် အနန်း၏အမည်ပါလေသည်။

"ကုလားကြီးတစ်ယောက်လာပို့တယ်။ ပြီးတော့ စောင့်နေပါတယ်။ ပြန်စာကို အခု ရေးပေးလိုက်တဲ့ရှင့်..."ဟု အစေခံမကလေးက ပြော၏။

ရေဒီယိုကရမ်ဘေးတွင် သီချင်းလိုက်၍ဆိုနေသော အနန်းသည် စာအိပ်ကို လှမ်းယူလိုက်၏။ လက်ရေးကို ကြည့်လိုက်ကာမျှဖြင့် အနန်းသည် ထိုစာမှာမောင်လှအောင်ထံကလာသော စာဖြစ်ကြောင်းကို ချက်ချင်းသိ၏။ မောင်လှအောင်သည် မှင်အစိမ်းကို အမြဲအသုံးပြုသူဖြစ်သည်။

စာကိုဖောက်လိုက်ပြီးနောက် အနန်းသည် စာရွက်ကို ဖြန့်ကာ စာကို အတန်ကြာ စူးစိုက်ကြည့်၏။ ပြီးလျှင် တည်ကြည်သော မျက်နှာကလေးဖြင့် သူ့ဦးကြီးအနီးသို့ လျှောက်သွားလေတော့သည်။

"ဒီမှာ ဦးကြီးကြွယ်...အစ်ကိုဟာ လူပြောင် လူလှောင်မဟုတ်ပါဘူးနော်..."

mgyoe.com

mgyoe.com


အနန်းက ဤသို့မေးလိုက်သောအခါ ဦးဖိုးကြွယ်က "ကြဲကြဲဖန်ဖန် ကလေးရယ်…၊ မောင်လှအောင်က မနောက်တတ်ပါဘူး…"ဟု အံ့အား သင့်စွာ ပြန်၍ဖြေ၏။

"ဒီလိုဖြင့်ရင် တခြားလူ နားမလည်နိုင်တာတွေကို သူရေးမယ် မဟုတ် ပါဘူးနော်…"

ဤတွင် ဦးဖိုးကြွယ်က "ဘာတွေများရေးလိုက်လို့လည်း ကလေး ရဲ့…"ဟု အထိတ်တလန့်မေးလိုက်၏။

"ကိုင်း–ဒါဖြင့် ဒီစာကို ဦးကြီးကြွယ်ပဲ ဖတ်ကြည့်စမ်းပါဦး။ သူရေး တာတွေဟာ ဟုတ်မှဟုတ်ရဲ့လား။ အနန်းတို့က တောသူတောင်သားဆို တော့ မြို့ကြီးက အလေ့တွေကို နားမလည်ဘူးဦးကြီးကြွယ်ရဲ့…"

ဦးဖိုးကြွယ်သည် သတင်းစာကို ပစ်ချလိုက်ပြီးလျှင် အနန်း၏လက်မှ စာကို ကပျာကသီယူ၍ ဖတ်လိုက်၏။ တစ်ခေါက်မက နှစ်ခေါက်ဖတ် သည်။ ပြီးတော့ တတိယအခေါက်ဖတ်ပြန်သည်။ ပြီးမှ ဦးဖိုးကြွယ်သည် ပြုံး၍လာပြီးလျှင်…"ဟားဟား…အမယ်လေး…မောင်လှအောင်က ဘာတွေ များ မတော်တရော်တွေ ရေးလိုက်ပါလိမ့်မလဲလို့ ရင်ထဲမှာကို ထိတ်သွား တာပဲ။ ဒီဟာ ဘာများဆန်းလို့လဲကွဲ့ ကလေးရဲ့။ သူ့စာမှာ နက်ဖြန်ကြရင် ပဲခူးရွှေမော်ဓောကို အနန်းရော ခင်မမပါ ကားနဲ့ ဘုရားဖူးသွားကြမယ် လိုက်မလား…တဲ့…ဦးကြီးတော့ သွားတာကို အပြစ်မမြင်ပေါင်…။

"အဲ သူ့မှင်စိမ်းကြီးကိုတော့ ငါတယ်ပြီး မုန်းသဟေ့…"ဟု ပြောနေ ၏။

ဤတွင် အနန်းက စိတ်အားထက်သန်စွာဖြင့်…

"လိုက်သွားလို့ တော်ပါ့မလား ဦးကြီးကြွယ်ရယ်" ဟု မေးနေပြန်ရာ ဦးဖိုးကြွယ်က "ဘာပြုလို့ မတော်ရမှာလဲ ကလေးရဲ့။ ခုခေတ်ယောကျ်ား လေးနဲ့ မိန်းကလေးနှစ်ဦးထဲတောင် ကားစီးထွက်ကြသေးတာ…အခု ခင်မမ လည်းပါဦးမှာပဲ…အေး…အေး…ငါ့တူမကြီး လိမ္မာပေတယ်။ ဒီလိုလိမ္မာမှ ပေါ့…သွား…သွား နက်ဖြန်ကျရင် လိုက်သာသွား…"ဟု တိုက်တွန်းလိုက် လေသည်။

"ဦးကြီးကြွယ်ကော လိုက်ခဲ့ပါလားဟင်…"

mgyoe.com

mgyoe.com


"မလိုက်ဘူး ကလေးရဲ့...မောင်လှအောင် မောင်းတဲ့ကားကို ဦးကြီး တစ်ခါစီးဖူးတယ်။ အမယ်လေး...ကံကောင်းလို့...တစ်နာရီ ၄၀ တောင် မောင်းတဲ့လူ၊ အေး...မင်းတို့ ကလေးတွေအဖို့တော့ ပျော်စရာပေါ့ကွယ်... သွား...လိုက်သွား..."

အနန်းသည် စောင့်နေသော အစေခံမကလေးဆီသို့လှမ်း၍ "ကုလားကြီးကို ပြောလိုက်ပော့...၊ ဒို့ နက်ဖြန်ကျရင် ပဲခူးကိုလိုက်မယ်ဆိုတာ..."ဟု ပြောလိုက်၏။

ထိုအခါ ဦးဖိုးကြွယ်က "ဟဲ့...ကလေးရဲ့ စာတိုကလေး တစ်ကြောင်း လောက် ပြန်ရေးလိုက်ပါဦးလား..."ဒီမှာ ဖောင်တိန် ယူလေ"ဟု ပြော၏။ သို့သော် အနန်းက ဆွေ့ဆွေ့ခုန် ဝမ်းသာနေရင်း "နေပေစေဦးကြီး...ကိုယ့် မောင်နှမတစ်တွေ စာတစ်တန်ပေတစ်တန်နဲ့ ကိန်းကြီးခန်းကြီးနိုင်လှတယ်။ ကဲ...ကုလားကြီး ကိုသာ ငါပြောတာ မှာလိုက်တော့"ဟု ပြောလိုက်လေ သည်။

(၃)

နှစ်လနောက်ထပ်ကုန်လွန်သွားပြန်ပြီဟု မှတ်လိုက်ကြပါစို့။ ခင်မမ သည် နှစ်သိန်းခွဲတန် တိုက်ကြီး၏စာကြည့်ခန်းထဲ၌ ထိုင်၍ ငိုင်နေ၏။ စာကြည့်ခန်းသည် အလွန်တိတ်ဆိတ်သဖြင့် ငိုင်ချင်စရာ အကောင်းဆုံး အခန်းဖြစ်၏။ ခင်မမ ငိုင်နေခြင်းမှာကား အခြားမဟုတ်၊ မောင်လှအောင် သည် ယခင်က မိမိအား ဂရုအစိုက် တစ်ဝက်သာသာကို အနန်းအား ပေးနေသောကြောင့် ဖြစ်သည်။ တစ်ဝက်တိတိဆိုလျှင် တော်သေးသည်။ အခုတော့ ကိုလှအောင်၏ ဂရုစိုက် အရေးပေးသလောက် ယခုအခါတွင်မူ ဂရုအစိုက် တစ်ဝက်သာသာသည် အနန်းအပေါ်သို့ ရောက်နေကြောင်း ခင်မမ ရိပ်မိလာရသည်။ ထို့ကြောင့်ပင်လည်း ယနေ့ ဝန်ကြီးတစ်ပါးအိမ်က ညည့်ခံပွဲတစ်ခုသို့ ဦးဖိုးကြွယ်နှင့် မိသားစုကို ဖိတ်ခေါ် ခြင်းခံရရာ၌ ခေါင်းကိုက်သည်ဆိုကာ နေခဲ့ခြင်းဖြစ်သည်။ ဦးဖိုးကြွယ်နှင့် အနန်းတို့ ထွက်သွားပြီး မကြာမီ ကိုလှအောင်ထံမှ စာတစ်စောင် ရောက်လာသည်။ စာမှာအနန်းထံသို့ လိပ်တတ်ထားသော စာဖြစ်သည်။

mgyoe.com

mgyoe.com


ခင်မမသည် အကွက်အကွက်ကြီးတွေ ထ၍ ပြောင်လက်နေသော ကျွန်းစားပွဲကြီးတွင်ထိုင်ကာ ကျင်လည်သော လက်ချောင်းကလေးများက မင်စိမ်းနှင့် လိပ်စာတပ်ထားသော စာအိတ်ကို ချာချာလည်အောင် တွန်းလှည့်ရင်း ကစားနေ၏။

ခင်မမသည် စာတွင်ပါသည့်အကြောင်းများကိုသာ ပြောပြနိုင်မည့်သူရှိပါက သူ့လည်ပင်းက ပုလဲသွယ်ကို ဆုချရန် ဝန်လေးမည်မဟုတ်။ စစ်အတွင်း စုံထောက်ဌာနများလို စာကို ရေနွေးငွေ့ပေး၍ဖွင့်ရန် ဆံညှပ်နှင့် ထိုးဖွင့်ရန် စသည်တို့မှာလည်း မဖြစ်နိုင်။ ခင်မမသည် အထက်တန်းစားဝါ လောက၏ထုံးစံစည်းကမ်းများကို လိုက်နာနေရသူဖြစ်၏။ ခင်မမသည် စာကို စာအိတ်နှင့် တင်းကပ်စွာ ဖိပြီး မီးရောင်တွင် ထောင်၍ဖတ်ရန် ကြိုးစား၏။ သို့သော် အကောင်းကြိုက်၍ တတ်လည်းတတ်နိုင်သူ မောင်လှအောင်က 'ကရော့(စ်)စလေအိုပ်တ်'စာအိတ်ကိုသာ သုံးမြဲဖြစ်သဖြင့် မီးရောင်တွင် အတွင်းကစာကို မမြင်သာ။

၁၁–နာရီခွဲသောအခါတွင် ဦးဖိုးကြွယ်နှင့် အနန်းတို့သည် ဧည့်ခံပွဲကပြန်လာ၏။ ထိုညမှာ သူဌေးများအဖို့၌ အလွန်ပျော်စရာကောင်းသော မိုးညတစ်ည ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိုးသည် သည်းထန်စွာ ရွာနေ၏။ လေကလည်း ပြင်းထန်လှ၏။ လမ်းများတွင် ဗွက်တွေပေါက်ကာ ခြေလျင်သမားများ ရွှံ့ရွှံ့စို၍ ခိုက်ခိုက်တုန်ကြရသော ညမျိုးဖြစ်သော်လည်း ဦးဖိုးကြွယ်နှင့် အနန်းတို့အဖို့၌ ရေကလေးတစ်စက်မှမစင်၊ ကားထဲ၌ ထွေးနွေးနေသည်။ ကားထဲ၌ မီးထွန်းထားပြီး ရေဒီယိုကိုလည်း နိုင်ငံခြားသံစုံတွေ ဖွင့်ထား၏။ တိုက်သို့ ပြန်ရောက်ကြသောအခါ၌လည်း ကားသည် ဧည့်ခန်းဘေးကားရုံထဲသို့ တိုက်ရိုက်ဝင်သွား၏။ ကားရုံထဲမှ ဧည့်ခန်းသို့ ဝင်ပေါက်ရှိရာ အနန်းတို့မှာ ရေစင်တစ်ပေါက်မစွန်း၊ ဦးဖိုးကြွယ်ကသာ လမ်းလျှောက်သူတွေ မိုးကြီးလေကြီးထဲမှာ ကားလာတာကို မမြင်ကောင်းလားဟု ကြိမ်းနေ၏။ အနန်းကမူ သူ့ဖခင်နှင့်အတူ မောတို့ပြည်တွင်နေရစဉ်က မိုးရွာပုံကို အားရပါးရ ပြောနေ၏။ သက်ကယ်မိုးအိမ်များ၌ မိုးယို၍ အိပ်ရာနေရာ ပြောင်းဟယ်၊ ရွှေ့ဟယ်၊ တစ်ညလုံး ငုတ်တုပ်ထိုင်ဟယ် ဖြစ်ကြရစဉ် ၂ သိန်းခွဲတန်တိုက်၏ အိပ်ခန်းကုတင်ပေါ်ဝယ် သိုးမွေးစောင်ကို ခြုံ

mgyoe.com

ကာ အိပ်စက်ရသူတို့အား...

မိုးနတ်သားကပင် စောင်းတီး၍ ချော့သိပ်သေးသည် မဟုတ်ပါလား။

ဦးဖိုးကြွယ်သည် သူ့အိပ်ခန်းသို့ ကမန်းကတန်းတက်သွား၏။ အအေးမိမည်စိုး၍ ဘရန်ဒီကလေး လက်တစ်ဆစ်လောက် သောက်၍ အိပ်ရာဝင်တော့သည်။ အနန်းမူကား ခင်မမရှိရာ စာကြည့်ခန်းထဲတွင် ကျန်ရစ်ခဲ့ပြီးလျှင် သူ့တစ်ကိုယ်လုံး၌ ဆင်ထားသော စိန်လက်ဝတ်လက်စာများကို ဖြုတ်၍ စားပွဲပေါ်တွင် စုပုံရင်း ညှော်ခံပွဲက အငြိမ့် လူပြက်များ၏ ပြက်လုံးတွေကို တသောသောနှင့် ခင်မမအား ပြောနေ၏။

ထိုနေ့တွင် ခင်မမက "ဟုတ်တယ်အနန်းရဲ့။ အဲဒီလူပြက်က တော်တော်ရီရတယ်။ သြော်...ဒါနဲ့ ဟောဒီမှာ စာတစ်စောင် အနန်းတို့ ထွက်သွားစက ကုလားကြီးတစ်ယောက်လာပေးတယ်။ အနန်းရဲ့လိပ်စာနဲ့ပဲ..."ဟု ပြောလိုက်ပြီး စာကလေးကို ထိုးပေး၏။ သို့သော် အနန်း သည် စိန်လည်ကပ်တစ်ခုကို ခဲခဲယဉ်းယဉ်းဖြုတ်နေရရင်း လက်မအားနိုင်သေးဘဲ "ဘယ်သူ့ဆီက စာလဲဟင်"ဟု သာ မေးနေ၏။

"ဒါကတော့ အနန်းပိုသိမှာပေါ့။ လိပ်စာက မှင်စိမ်းနဲ့ရေးထားတာကပဲ..."ဟု ခင်မမက ဖြေ၏။

"သြော်...အစ်ကိုက အနန်းဆီ ဘာတွေများ ရေးပြန်ပါလိမ့်နော်" ဟု အနန်းက မျက်မှောင်ကလေးကြုတ်၍ ညည်းတွားနေ၏။

ဤတွင် ခင်မမက "ကိုယ်တို့ မိန်းမသားတွေဟာ ဒီလိုချည့်ပဲနော်... အတူတူပဲ။ စာတစ်စောင်ရောက်ပြီဆိုရင် မဖောက်သေးဘဲ စာတိုက်တံဆိပ်ကြည့်၊ လက်ရေးကြည့်နဲ့၊ စာထဲကစာကို အဓိပ္ပာယ်ရှာကြတော့တာပဲ။ နောက်ဆုံးကျတော့ ကပ်ကျေးကိုသာ သုံးကြရတော့တယ်။ ပြီးတော့ အရေးတကြီး စာအောက်ဆုံးပိုဒ်နဲ့ လက်မှတ်ကို အရင်ဆုံးဖတ်။ အဓိပ္ပာယ်မပေါ်တော့မှ အပေါ်ကအပိုဒ်တွေပြန်ဖတ်။ ဟဲ...ဟဲ ရော့ စာကဒီမှာ..."ဟု ပြောကာ စာကို အနန်းဆီသို့ ပေးမည့်ဟန်ပြု၏။

ထိုခဏတွင် အနန်းက "အမယ်လေးလေ...ဟောဒီလည်တုန်ရွှေချိတ်တွေတော့ ကျိုးပွဲကုန်တော့မှာပဲ။ ဘယ်နှယ် ပန်းတိမ်ပါလိမ့်နော်...။ ဒါလောက်ပဲ ကျပ်ကျပ်လုပ်ထားရသလား"ဟု ပြောကာ လည်တုန်ရွှေကြိုး

mgyoe.com

mgyoe.com

အဆက်ကလေးမှ ဘုကလေးကို စမ်းရင်း..."ကိုင်းပါ မမရယ်...စာကို ဖွင့်ပြီး ဖတ်လိုက်စမ်းပါ။ ဒီလည်တုန် ဖြုတ်ရတာနဲ့ သန်းခေါင်ကျော်တောင် အိပ်ရပ့ါမလား မသိဘူး..."ဟု ပြောရင်း လည်တုန်စေ့ခလုတ်နှင့် လက်ချောင်းကလေးများ နပမ်းလုံးနေပြန်၏။

"ကြံကြံဖန်ဖန် အနန်းရယ်...ကိုကိုအောင်က အနန်းတစ်ဦးထဲ သိစေချင်လို့ ရေးလိုက်တဲ့စာကို မမဖတ်လို့တော်ပ့ါမလား..."

ဤတွင် အနန်းက တည်ကြည်ရိုးသားသော မျက်လုံးကလေးများနှင့် ခင်မမအား လှမ်းကြည့်လိုက်ပြီးလျှင်...

"ဘာပြုလို့ မတော်ရမှာလဲမမရဲ့...။ အနန်းဆီကို ရေးတဲ့စာတွေထဲမှာ တခြားလူဖတ်ဖို့ မသင့်တာမျိုး တစ်ခုမှ ပါလာစရာအကြောင်းမှမရှိဘဲ။ ရှင်းလို့ဟာပဲ။ ဖတ်သာဖတ်ပါ။ အနန်းက အဖတ်ခိုင်းတာကပဲ ဘာမဖတ်ဘဲ နေစရာရှိလဲ။ အစ်ကိုက ကားစီးခေါ်ဦးမလို့ ထင်ပါရဲ့..."

အနန်းက ဤသို့ရိုးသားလှစွာ ခွင့်ပေးလိုက်သောအခါတွင် ခင်မမသည် သိချင်ဇောပြင်းထန်စွာနှင့် စာအိတ်ကိုဖွင့်၍ ဖောက်ပြီးနောက် စာကို လျှင်မြန်စွာ ဖတ်လိုက်၏။ နောက်တစ်ခေါက် ထပ်ဖတ်၏။ ပြီးလျှင် အနန်းအား တစ်ချက်လှမ်း၍ လျှင်မြန်စွာ အကဲခတ်ကြည့်လိုက်၏။ ဤအချိန်၌ အနန်းသည် လည်တုန်ရွှေကြိုးအဆက်က စေ့ကလေးနှင့် ရန်ဖြစ်နေတုန်းပင် ဖြစ်လေသည်။ ကိုလှအောင်ထံမှ စာကိုပင် များစွာစိတ်မဝင်စားသလို ဖြစ်နေ၏။

၁၅–စက္ကန့်မျှ ကြာအောင် ခင်မမသည် အနန်းအား စူးစူးစိုက်စိုက် ကြည့်နေ၏။ ထို့နောက် သေးငယ်လွန်းလှသော အပြုံးကလေးတစ်ပွင့် ပွင့်ကာ နှုတ်ခမ်းကလေး နှစ်လွှာမှာ တစ်လက်မ၏ ၁၆ ပုံ တစ်ပုံမျှ ပွင့်ဟလာ၏။ မျက်လုံးများကိုမူ အပုံ ၂၀ ပုံ တစ်ပုံခန့် ကျဉ်းလိုက်၏။ မျက်နှာပေါ်တွင်ကား လျှပ်လက်သလို အတွေးတစ်ချက် ဝင်းကနဲ ဖြတ်သန်းသွားလေသည်။

ကမ္ဘာဦးအစကပင် မိန်းမသားတစ်ဦးသည် အခြားမိန်းမသားတစ်ဦးအဖို့၌ ဟင်းလင်းပွင့်နေသော စာအုပ်သာဖြစ်ခဲ့သည်။ တစ်ဦး၏လျှို့ဝှက်ချက်ကို တစ်ဦးမသိဘဲမနေ။ လင်းရောင်ခြည်၏ အမြန်နှုန်းဖြင့် တစ်ဦး၏ စိတ်ကို တစ်ဦးထွင်းဖောက် ဝင်ရောက်နိုင်ပြီး ဖယားအင်းကွက်များ ရေးဆွဲ

mgyoe.com

နိုင်သည်။ အလွန်ပိရိစွာ လှည့်ထားသော စကားလုံးများအထဲမှ အမှန်ကို ဖန်တစ်ရာစစ် အုန်းဆီလို စစ်ယူနိုင်ပါသည်။ အများဆုံးလျှို့ဝှက်ထားသော ဆန္ဒများကို လက္ခဏာ ဖတ်သလို ဖတ်နိုင်ကြသည်။ လောကဥ္စ ဆိတ်ကွယ် ရာမရှိဟု ပဏ္ဍိတတို့ ဟောပြောကြသည်။ အမှန်ဆိုရလျှင် မိန်းမတစ်ယောက် သည် အခြားမိန်းမတစ်ယောက်၏ ရှေ့တွင် ဆိတ်ကွယ်ရာမရှိဟု ဆိုစရာ ကောင်းလှပေတော့သည်။

ခင်မမသည် စာကိုတစ်ခေါက် ပြန်ဖတ်ပြီးနောက်"တကယ်ပြောတာ အနန်းရဲ့။ ဒီစာဟာ အနန်းတစ်ယောက်ထဲနဲ့သာ ဆိုင်တာ။ မမကို အဖတ် ခိုင်းတာဟာ အနန်းမှားပြီးကွယ်။ စာက အနန်းတို့ကိစ္စသက်သက်ကြီး"ဟု အားတုံ့အားနာ အသံနှင့် ပြောနေ၏။

ဤတွင် အနန်းသည် စိန်လည်တုန်ကို ဖြုတ်လိုက်ပြီးနောက်"ဒါဖြင့် အသံထွက်ပြီးတော့သာ ဖတ်ပေတော့ မမရေ။ မမဖတ်ပြီးတဲ့ အတူတူတော့ ဘာထူးသေးသလဲ။ တကယ်လို့ အစ်ကိုဟာ သူများ သိစေချင်တဲ့စကား တွေ အနန်းဆီကိုရေးရင် ဒီစာမျိုးကို သူများတွေ သိအောင် အနန်းက သာ ပြီးလိုက်ပြချင်သေးတယ်"ဟု ဒေါသကလေးမှုန်မှုန်နှင့် ဆိုလိုက်၏။

ခင်မမလည်း အနန်းအားတစ်ချက်ကြည့်ကာ "စာကတော့ ဒီလို' ချစ်လှစွာသော အနန်းတဲ့...၊ ခုည ၁၂ နာရီထိုးကို အရောက် အစ်ကို့ ကျောင်းဆောင်က အခန်းကိုလာခဲ့ပါ'တဲ့...။ 'မပျက်ကွက်ပါနဲ့'တဲ့" ဟု စာကို ဖတ်ရင်း ထိုင်ရာကထ၏။ စာကလေးကို အနန်း၏ရှေ့တွင်ချရင်း "ခုကိစ္စကို မမ မမျှော်လင့်ဘဲသိရတာ စိတ်မကောင်းဘူး အနန်းရယ်။ အနန်း တို့ ကိုယ်ရေးဟာ မမနဲ့ဘာမှမဆိုင်တော့ အားနာစရာကြီးဖြစ်နေပြီ။ ကိုင်း မမအိပ်တော့မယ်ကွယ်။ ခေါင်းတွေကိုက်လိုက်တာ။ ဒီစာအကြောင်း မမ ဘာမှမသိဘူးလို့သာ သဘောထားပေတော့။ မမလည်း မေ့ပစ်လိုက်ပါ့မယ်" ဟု ညည်းညည်းညူညူ ပြောကာ 'မ'လောက၏ ထုံးစံအတိုင်း သူတစ်ပါး ၏ ကိုယ်ရေးကိုယ်တာကိစ္စဥ်ဝင်၍ မတော်တဆ အတွင်းရေးကို သိမိခြင်းဖြင့် အားနာ၍နေသော ခင်မမသည် အိမ်ပေါ်ထပ်သို့ ခပ်သုတ်သုတ် တက်သွား လေ၏။

အနန်းသည် ပြည်လမ်းမကြီးအတိုင်း မိုးရေထဲတွင် ခပ်သုတ်သုတ်

mgyoe.com

mgyoe.com


လျှောက်လာ၏။ သူ့ကိုယ်နှင့်ခေါင်းတွင် ပိုမိုးကာဖြင့်ဖုံးကာ မိုးပေါက်များ၏ဒဏ်ကို ကာကွယ်ထားသော်လည်း ခြေသလုံးအောက်ပိုင်းမှာကား ရွဲရွဲစိုလျက်ရှိနေပေသည်။ အင်းယားလမ်းအစသို့ရောက်သောအခါ၌ အနန်းသည် လက်ဝဲဘက်သို့ကွေ့ချိုးပြီး အဓိပတိလမ်းအတိုင်း ဆက်လျှောက်လာပြန်၏။ ထို့နောက် ကျောင်းဝင်း မကာရသေးသော ကျောင်းဆောင်သစ်တစ်ခုစီသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

အနန်းအား ပြန်မြင်ရသည်မှာကား အဆောင်သစ်တစ်ခု၏ အပေါ်ဆုံးထပ် အခန်းတစ်ခု၏ရှေ့၌ ဖြစ်လေသည်။ ထိုအခန်းထဲ၌ မီးလင်းနေဆဲဖြစ်၏။ အနန်းသည် အခန်းနံပါတ်ကိုကြည့်ကာ တံခါးကို ပြင်းပြင်းပုတ်လိုက်၏။

တံခါးကိုလာ၍ဖွင့်သူမှာ မောင်လှအောင်ကိုယ်တိုင် ဖြစ်၏။ မောင်လှအောင် အခန်းသို့ အနန်းသည် ဦးဖိုးကြွယ် ခင်မမတို့နှင့်အတူ မကြာခဏရောက်ဖူးခဲ့သည်။ ထို့ကြောင့်ပင် အလွယ်တကူ ယခုကဲ့သို့ လိုက်လာနိုင်ခြင်း ဖြစ်လေသည်။

မောင်လှအောင်သည် လက်တစ်ဖက်က စာအုပ်၊ နဖူးပေါ်၌ မီးရောင်ကာ ကော်ပြားစိမ်းပါးစပ်တွင် ဆေးတံကိုခဲလျက် ပေါ်လာ၏။ အနန်း ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဆေးတံသည် ကြမ်းပြင်ပေါ်သို့ ကျသွား၏။

"အနန်းနောက်များကျနေပြီလားအစ်ကို။ အနန်းနဲ့ဦးကြီး ညှော်ခံပွဲသွားနေလို့ ပြန်လာမှ အစ်ကို့စာကို ရတယ်။ ဘာဖြစ်လို့လဲဟင်…အစ်ကို" ဟု အနန်းက အခန်းထဲသို့ ဝင်ရင်းမေး၏။

မောင်လှအောင်သည် မျက်လုံး အပြူးသားနှင့်ကြည့်နေမိပြီးမှ အနန်း၏ ကိုယ်ပေါ်က ပိုးသားမိုးကာကလေးကို ချွတ်၍ ဝရံတာ၌ ဖြန့်လှန်းကာ ရေစစ်ထားရင်း စိတ်ထဲတွင် အပြေးအလွှားအလုပ်များ၍ နေလေ၏။

"ဘာဖြစ်တာလဲဟင်…အစ်ကို။ အစ်ကိုကလာခဲ့ဆို ခု အနန်းရောက်ပြီ။ ဘာပြုလို့ အနန်းကိုခေါ်တာလဲ"ဟု အနန်းက ကြောင်စီစီကလေး မေးနေ၏။

မောင်လှအောင်သည် မေးစေ့ကိုပွတ်ရင်း "အနန်း အစ်ကို့စာကို

mgyoe.com

mgyoe.com

သေသေချာချာ ဖတ်ရဲ့နော်"ဟု ပြန်၍ မေးလိုက်၏။

"လက်ဦးဆုံး မမကဖတ်ပြတယ်။ ပြီးမှ အနန်းကြည့်ရတာ။ လည်တုံဖြုတ်မရတာနဲ့ဘဲ အစ်ကို့စာထဲမှာ ဆက်ဆက်လာပါဆိုတော့ အစ်ကိုဖျားနေသလား ဘာလားနဲ့ ပူရတာပေါ့အစ်ကိုရဲ့။ ဒါပေမဲ့ အစ်ကို့ကြည့်ရတာ ဖျားပုံလည်း မရဘူး"ဟု အနန်းက ပြောနေခိုက် ခြေသံများ ကြားရပြီး အဆောင်မှူးသည် မောင်လှအောင်၏အခန်းဝတွင် ဘွားကနဲပေါ်လာ၏။

လက်ဦးတွင် မောင်လှအောင်မှာ အံ့အားအနည်းငယ်သင့်နေ၏။ ပြီးမှ "ဪ–ဆရာ ခုမှမြို့ကထဲကပြန်လာသလား"ဟု ဆီး၍ နှုတ်ဆက်လိုက်ရလေသည်။

အဆောင်မှူးလည်း မောင်လှအောင်ကိုတစ်လှည့်၊ အနန်းကိုတစ်လှည့် ကြည့်နေပြီးမှ အတန်ငယ်ပြုံးလာပြီး'အေး ဆရာညပွဲရုပ်ရှင်ကြည့်ပြီး ပြန်လာတာကွဲ့။ မောင်လှအောင် အခန်းဘက်က စကားပြောသံကြားတာနဲ့ လာကြည့်တာ ဪ–ခုထက်ထိတောင် ဧည့်သည်ရှိတုံးလား"ဟု မေးလိုက်လေ၏။

အဆောင်မှူး ဘာကို ဆိုလိုသည်ကို မောင်လှအောင်ကောင်းစွာ ရိပ်မိသဖြင့် ရင်ထဲ၌ ပူကနဲ ဖြစ်သွားပြီး "ဒီဟာ ကျွန်တော့်နှမ ဝမ်းကွဲလေးပါဆရာ။ ကျွန်တော်က နက်ဖြန် ၁၂ နာရီလာခဲ့လို့မှာတဲ့စာကို အဖတ်မှားပြီး ခုညတွင်းခြင်း ကျွန်တော်ဖျားနေတယ်အောက်မေ့လို့ လာတာပါဆရာ"ဟု ရှင်းပြလိုက်ရလေ၏။

သို့တိုင်အောင် အဆောင်မှူးက "ဪ...နှမဝမ်းကွဲကလေးလား။ နို့ ကလေးမက ဘယ်မှာနေသတုံး"ဟု ခပ်အေးအေးပင် စစ်မေးနေ၏။

ထိုအခါ မောင်လှအောင်လည်း ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရ၏။ အဆောင်မှူးက အထင်မှားစရာဆိုလျှင်လည်း မှားလောက်သည့်အခြေအနေမျိုးဖြစ်နေ၏။ သို့သော် အနန်း၏အပေါ်တွင် အထင်သေးအမြင်သေးခံ၍ မဖြစ်နိုင်။

"ကျွန်တော်ပြောတာ အမှန်ပါပဲဆရာ။ အနန်းဟာ ကျွန်တော့် ဦးကြီးအိမ်မှာ နေပါတယ်။ အင်းယားကန်စောင်းတွင်ပါဆရာ။ သူ အခုပဲ ရောက်ပါတယ်။ ကျွန်တော်လည်း သူ့ကို ခုပဲ ပြန်ပြီးလိုက်ပို့တော့မလို့ပါ"

mgyoe.com

mgyoe.com


ဟု မောင်လှအောင်က ကမန်းကတန်းပြောလိုက်သည်၌ အဆောင်မှူးလည်း ခပ်ပြုံးပြုံးနှင့် "အေးကွဲ့။ ဆရာကလည်း ကားမသွင်းရသေးတာနဲ့ အတော်ပဲ။ လာ…လာ…မောင်လှအောင်တို့ ဦးကြီးအိမ်ကို ဒို့သွားကြစို့ ဆရာလိုက်ပို့ပေးမယ်" ဟု ပြောလိုက်လေ၏။

အဆောင်မှူး၏ကားကလေးသည် မောင်လှအောင်တို့နှင့် အနန်းကိုတင်ဆောင်ကာ အဆောင်ဆင်ဝင်အောက်မှစ၍ ထွက်လာခဲ့ပေသည်။ အဆောင်မှူးသည် စင်စစ်အားဖြင့် မောင်လှအောင်တို့အား လိုက်ပို့၍ချင်လှသည်မဟုတ်လှ။ မောင်လှအောင် လိမ်၍ပြောနေသည်ဟု ထင်သဖြင့်သာ အကျပ်ကိုင်၍ အလိမ်ပေါ်အောင် အတင်းလိုက်ပို့နေခြင်း ဖြစ်လေ၏။

အနန်းခမျာမှာမူကား အိပ်မက်မက်သကဲ့သို့သာ ဖြစ်နေလျက် မောင်လှအောင်ကို တစ်လှည့်အဆောင်မှူးကိုတစ်လှည့် ကြည့်ကာသာ ကုပ်ကုပ်ကလေး လိုက်ပါလာရရှာလေသည်။

ကားကလေးသည် ဦးဖိုးကြွယ်၏ တိုက်ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်၏။ အနန်းသည် ကားပေါ်မှ ဆင်းကာ သူ့အသာအယာ စေ့ပစ်ခဲ့သော ဘေးတံခါးကို တွန်းဝင်ပြီး တံခါးမကြီးကို ဖွင့်ပေးလေ၏။

အဆောင်မှူးလည်း မောင်လှအောင်နှင့်အတူ တိုက်ထဲသို့ ဝင်လာပြီးနောက် "ကိုင်း…အချိန်တော့ သိပ်မရှိတော့ဘူး။ မောင်လှအောင်၊ မောင်လှအောင်ရဲ့ ဦးကြီးလက်ထဲမှာ မောင့်နှမကလေးကို ဆရာကိုယ်တိုင် အပ်ခဲ့ချင်တယ်။ ခဏလောက်နှိုးပေးပါလားကွယ်။ အားလည်းနာပါတယ်။ ဒါပေမဲ့ မောင်လှအောင်အတွက် ဆရာ့မှာ တာဝန်ရှိသကိုးကွဲ့."ဟု ဇွတ်အတင်းပြောနေသဖြင့် မောင်လှအောင်မှာလည်း ဦးဖိုးကြွယ်အား တက်၍နှိုးရလေတော့သည်။ ကံအားလျော်စွာ ဦးဖိုးကြွယ်မှာ အိပ်၍မပျော်သေးဘဲ ရှိသဖြင့် အောက်ထပ်သို့ ဆင်းလာနိုင်ခဲ့ပေသည်။

အဆောင်မှူးက အကျိုးအကြောင်း ရှင်းပြသောအခါတွင် ဦးဖိုးကြွယ်သည်မျက်လုံးမျက်ဆန်ပြူး၍နေရာက အနန်းအား အံ့သြကြီးစွာတစ်ချက်စိုက်ကြည့်လိုက်၏။ ပြီးမှ အဆောင်မှူးအား ပြုံးရွှင်စွာ ကြည့်ပြီးလျှင် "အမှန်မှာတော့ ဆရာရယ်၊ သူတိုနှစ်ယောက်ကို ကျွန်တော် လက်ဆက်ပေးဖို့ ကြံရွယ်ထားပြီးသားခင်ဗျ။ အဲဒါကိုလည်း သူတို့ သိကြပါတယ်။

mgyoe.com

mgyoe.com


ဒါကြောင့်လည်း ကလေးမဟာ မောင်လှအောင် ဖျားတယ်ထင်ပြီး စွန့်စွန့် စားစားသွားဝံ့တာပါပဲ။ ဒါလောက်ဆိုရင် ဆရာကျေနပ်လောက်ကရောပေါ့"ဟု ဆိုလိုက်သဖြင့် အနန်းရော မောင်လှအောင်ပါ အံ့အားကြီးသင့်နေကြရလေ၏။ ကျေနပ်သွားပြီဖြစ်သော အဆောင်မှူးလည်း "ဒီလိုသိရတာ ဝမ်းသာပါတ်ခင်ဗျာ...ကိုင်း...မောင်လှအောင် အဆောင်ကို ပြန်လိုက်မလား။ ဆရာ ပြန်မယ်"ဟု မေးလိုက်၏။

"မိုလည်း စဲသွားပါပြီဆရာ... ကျွန်တော် ခြေကျင်ပြန်ခဲ့ပါ့မယ်..."

အဆောင်မှူး၏ကားကလေး ထွက်သွားမှ ဦးဖိုးကြွယ်က အနန်းဘက်သို့ လှည့်ကာ "ဘယ့်နှယ်လဲ ကလေးရယ်...မိန်းကလေးတန်မဲ့နဲ့"ဟု ညည်းညူလိုက်ရာ အနန်းက မျက်ရည်ကလေးစစနှင့် "အစ်ကိုက စာရေးခေါ်တာကိုး ဦးကြီးကြွယ်ရဲ့။ အနန်းတို့တောင်ယာတွေမှာဆိုရင် လူလွှတ်ပြီးခေါ်ရင် အမြန်သွားရတယ်။ သူများကို ကူမှကိုယ့်လည်း ကူကြတာ။ အခု အစ်ကိုက လာပါဆိုတော့ ညကြီးမင်းကြီး ခေါ်တာမို့ ပိုပြီးစိတ်ပူတာနဲ့ အနန်းထွက်သွားမိတာပါ"ဟု ပြောနေလေ၏။

"မှန်းစမ်း...သူ့စာ ဘယ်မလဲ...ဘာကိစ္စ သူက ညကြီးမင်းကြီးမှာ ခေါ်ရတာလဲ..."

ဒေါ်သတကြီး မေးရင်း ဦးဖိုးကြွယ်က စာကိုတောင်းသဖြင့် အနန်းသည် သူ့ချွေးခံအိတ်ထဲကစာခေါက်ကလေးကို ထုတ်ပေးလိုက်လေ၏။ ဦးဖိုးကြွယ်သည် စာရွက်ကလေးကို ဖြန့်၍ "ဟ...နင့်ဖကလွှားဘယ်မှာ ည ၁၂ နာရီတွေ ဘာတွေပါလို့လဲဟ...။ စာက ညီမလေး မနက်ဖြန် စနေနေ့ အစ်ကိုအိမ်မှာ ထမင်းလာစားမယ်။ ပဲပုပ်နဲ့ခရမ်းချဥ်သီးချက်ထားလိုက်ပါ ဆိုပါကလား။ ကလေးကို ဘယ်သူက စာထဲမှာ (ည ၁၂ နာရီလာပါ)လို့ ပါတယ်ပြောသလဲ"ဟု နားမရှင်းတိုင်း မေးနေ၏။

"မမက ဖတ်ပြတယ်..."

"ဟ...ဖတ်ပြတိုင်းယုံရသလား ဟ...။ ကိုယ့်စာကိုလည်း ကိုယ်ဖတ်ကြည့်ဦးမှပေါ့..."

ဦးဖိုးကြွယ်က ဤသို့ပြောလိုက်သောအခါတွင် အနန်းသည် မောင်လှအောင်၏ မျက်နှာကို စူးစူးဝါးဝါးကြည့်နေရာက ဖြည်းဖြည်းမဲ့လာပြီး

mgyoe.com

လျှင် ရှိုက်ကြီးတငင်ငိုလေတော့သည်။ ငိုသံ ရှိုက်သံများအကြားမှ

"ပြောမလို့ဘဲ ဦးကြီးကြွယ်ရဲ့။ အဖေက အနန်းကို စာတစ်လုံးမှ သင်မပေးခဲ့ဘူး။ သင်စရာကျောင်းနဲ့လည်း မနီးခဲ့ဘူး။ ဒါကြောင့် အစ်ကိုကို ပြောပြီး စာသင်ခိုင်းမလို့ဟာ...ခုတော့ ခုတော့...အစ်ကိုက အနန်းကို ချစ်တော့မှာ မဟုတ်..." စသဖြင့် အထစ်ထစ်အငေါ့ငေါ့ ပြော၍နေ၏။

မောင်လှအောင်လည်း ငိုအားထက် ရယ်အားသန်ရမလို ဖြစ်နေခိုက် ဦးဖိုးကြွယ်က "ခုနကတော့ အဆောင်မှူးကို ငါအဆင်ပြေအောင် ပြောလိုက်တာ။ ခုလိုဆိုတော့ကာ ကလေးမှာ ဆရာလိုလာပြီ။ မောင်လှအောင်ကပဲ ညနေတိုင်းလာပြီး စာပြလှည့်ပေတော့။ ကိုင်း...ငါအိပ်တော့မယ်"ဟု ဆိုကာ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။

မောင်လှအောင်သည် အနန်း၏ မျက်ရည်များကို သုတ်ပေးရင်း "တိတ်ပါ အနန်းရယ်...။ ခင်မမက ချောက်တွန်းနိုင်ရင် ဒီတစ်ခါပေါ့။ နောက်တစ်ခါ ဘယ်မှာ အရှုံးခံမလဲ။ သူ့ပြက်လုံးကို" ဟု ချော့မော့စဉ် အနန်းက မျက်ရည်ကြားမှ ပြုံး၍ "ဘာ...အစ်ကို...အံမာ ဒီတစ်ခါကော... သူနိုင်တယ်မှတ်လို့လား။ ဟွန်း... သူ ချောက်ချလို့ အစ်ကို့ကို ဘယ်သူရသလဲ...ကဲ"ဟု မေးနေလေ၏။ ။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ၊ မြဝတီမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# ကာလီကမာ

မောင်ကျော်သာ

အနောက်တောင် တခိုမှ မိုးကလေးညို့ကာ ဂျိုးဂျိုးဂြိမ့်ဂြိမ့် ဒိုးဒလိမ့် စစ်ဆင်သံနှင့်အတူ လျှပ်စစ် လျှပ်ပန်း လက်လာတတ်သော ယခုလို မိုးရက်များဝယ် စိတ်ဂယောက်ဂယက် မငြိမ်သက်နိုင်သူများအဖို့ လဟာပြင် မိုးကောင်းကင်ဝယ် ဆောက်တည်ရာမရ ရွေ့လျားမျောပါနေသော တိမ်တောင်တိမ်တိုက်တို့ကဲ့သို့ ဘဝဖြစ်စဉ် ရှေးဟောင်းနှောင်းဖြစ်များကို ပြန် ပြောင်းကာ တွေးတောမိကြမည်မှာ လောကီသားတို့ ဓမ္မတာ တရားပင် ဖြစ်ချေမည်။ စာရေးသူတို့ကဲ့သို့ အတွေးခေါင်သူများအဖို့မှာမူ သာ၍ပင် ဆိုးသေး၏။ ဘဝ၏ မြင်ကွင်းမြင်ကွက်ကလေးတွေကို မင်စက်ချကာ မှတ်တမ်းတင်လိုသောကြောင့်လည်း အတော်မသတ်တွေးရ၏။ ထိုသို့ အတောမသတ်သော အတွေးရေယာဉ်ကြော ကလီကမာနိုင်လှသော ဘဝဖြစ်စဉ်ကလေး တစ်ခုသည် တရေးရေးပြန်ပေါ်လာခဲ့ပေသည်။

ဤနေရာ၌ 'ကာလီကမာ' ဟူသော အသုံးကလေးကြောင့် စာဖတ်သူအတွက် အနည်းငယ် ရှုပ်ထွေးရှည်ဝေးနေပါအံ့။ ကလီကမာဟူသော စကားမှာ မူရင်းကုလားဘာသာဖြစ်သည်ဟု အဆိုရှိကြကုန်၏။ ဟုတ်မဟုတ်ကား သုတေသီတို့၏ အလုပ်ပါပေ။

ကလီကမာ၏ အဓိပ္ပာယ် သဘောမှာမူ ဖြောင့်စင်းခြင်းကင်း၍ ကွေ့

mgyoe.com

mgyoe.com


ကွေ့ကောက်ကောက် ရှိတတ်သော သဘောဟု ယူဆပေသည်။ ထိုယူဆ ချက်သည်လည်း မှန်ကန် တိကျခြင်း မရှိဟု ကဝိပညာရှင်တို့ အကျယ် အကျယ် အငြင်းပွားဖွယ်ရှိကောင်း ရှိပေအံ့။ ဤဝတ္ထု ဤဇာတ်ကြောင်းနှင့် ပတ်သက်၍မူကား ကုလားလေးဆာမိ၏ ရှင်သီဝလိဂါထာကလေးဟူ၍ သာ စွဲမှတ်ကြပါကုန်။

**ကလီကမာ ကလီကမာ** ဤဂါထာကလေးကို အစဉ်မပြတ် ရွတ် ဖတ်ခြင်းဖြင့် စာရေးသူတို့ မျက်မှောက်မှာပင် အညတြ ကြက်ထမ်းကုလား လေးဆာမိဘဝမှ လို–တ–ရ ကုန်စုံဆိုင်ကြီးရှင် ကိုဆာမိရား၊ ထိုကိုဆာမိရား ဘဝမှသည် ရွာ၏ ကွမ်းတောင်ကိုင် အပျိုချော မိစောကလေး၏ ချစ်လင်ကိုဆာကြီး၊ ကိုဆာကြီးဘဝမှသည် ယနေ့ တိုင်းရင်းသားမှတ်ပုံတင် ကိစ္စကြီးများအပြီး ပြည်တော်သာခရီး ချီတက်ပွဲတွင် ကျေးရွာဒေသန္တရအုပ် ချုပ်ရေးအဖွဲ့ ကော်မတီလူကြီး ဦးစံမှီအဖြစ်သို့ပင် ရောက်ရှိသွားပေသည်။ သူ၏ရှင်သီဝလိဂါထာကလေးကား စွမ်းအားကြီးလှပေစွတကား။ ။

× × ×

စာရေးသူတို့ နေထိုင်ရာမှာ မြေလတ်မြို့ကလေးတစ်မြို့၏ မြို့စွန် ရွာကလေးတစ်ရွာ ဖြစ်ပါသည်။ လူနေအိမ်ခြေ သုံးရာခန့်ရှိ၏။ ရွာဦးတွင် ဘုန်းကြီးကျောင်းရှိ၍ ရွာနောက်တွင် ဆန်စက်တစ်လုံးရှိ၏။ ဘုန်းကြီး ကျောင်းထဲတွင် နွေဥ ရေမရှိသော ကန်တစ်ကန်ရှိသည်။ သို့သော် အရေး မကြီးပါ။ နွေအခါရောက်လျှင် တစ်ရွာလုံး ဆန်စက်ထဲမှ အဝီစိတွင်းရေ ကို သုံးစွဲနိုင်ပေသည်။ တစ်ရွာလုံး၏ စီးပွားရေးလုပ်ငန်းမှာလည်း ဤဆန် စက်ကို အမှီသဟဲပြုကာ ရပ်တည်နေကြရပေသည်။ အချို့ မိရိုးဖလာ လယ် သမားများမှလွဲလျှင် ကျန်လူများမှာ ဆန်စက်၏လုပ်သမားများသာ ဖြစ်ပေ သည်။

သူတို့သည် ဤဆန်စက်မှ ရသောငွေကို အလှမ်းမဝေးလှသော မြို့ဈေးသို့ တက်၍ ဝယ်ခြမ်းသုံးစွဲကြပြီး ဤရွာဦးကျောင်းတွင် သူ့ထက် ငါ အပြိုင်အဆိုင် လှူဒါန်းပစ်တတ်ကြပေသည်။ ထို့ကြောင့်ပင် ကျောင်း ဒါယကာကြီး စက်သူဌေးဦးမောင်ကြီး ၁၂၉၀ ပြည့်တွင် ဆောက်လုပ်လှူ ဒါန်းသည်ဟူသော တံခွန်တိုင်ကျောက်စာနှင့် နင်လား၊ ငါလားယှဉ်နေသည့်

mgyoe.com

mgyoe.com
ကျောင်းအဝင် အုတ်လှေကားကလေးမှ ဆန်စက်မန်နေဂျာကြီး ဦးညို ဒေါ်သန်းညွန့်တို့ ကောင်းမှု နတ်လူ သာဓုခေါ်စေသောဝ်...ကျောက်စာတို့ သည် လူမြင်ကွင်းတွင် ထင်းထင်းကြီး မြင်စေနိုင်ပေသည်။ ထို့ပြင် ကျောင်း ထိုင်ကိုယ်တော် တရားဟောပလ္လင်ထက်မှ ဆွဲယပ်ကြီးကိုကြည့်ပါဦး။ ပွဲစားကြီး ဦးဖိုးဟန်–ဒေါ်မယ်ပုတ် ကောင်းမှုစာတမ်းနှင့်အတူ ပလ္လင်အောက် ခြေနားရှိ ဒန်ထွေးခံကြီးတွင်လည်း ဆေးနီသားဖြင့် ပြတ်သားစွာရေးထား သော ဆန်စက်အင်ဂျင် တံတေကြီး ဦးကုလား–ဒေါ်မြရွှေတို့ မိသားတစု ကောင်းမှုကို တွေ့ရပေမည်။ ကျောင်း၏ ဘုရားစင်အောက်ဘက်တွင် စုပုံ ၍ ပိုးကိုက်စုတ်ပြတ်နေသော ယပ်တောင်များကို သတိပြုကြည့်ပါလျှင်လည်း လေးကျွန်းမြင့်မိုရ် ဆန်စက်အလုပ်သမားများ ကောင်းမှု စာတမ်းကလေးတွေ ကို တွေ့ရပေမည်။

ဤကျောင်း၊ ဤဆန်စက်တည်ရှိရာ ဤရွာကလေးသည် စာရေးသူ၏ ချက်မြှုပ် ကြီးပြင်းလာရာ ဌာနကလေးပင် ဖြစ်ပေသည်။ သို့ ကြောင့်ပင် ဤရွာဦးကျောင်းမှ ကကြီး၊ ခကွေးကစ ဘု၊ ဒ္ဒးရှိခိုးအဆုံး သင် ကြားတတ်မြောက်ပြီးဆုံးသောအခါ ဆန်စက် မန်နေဂျာကြီးသားတစ် ယောက်ဖြစ်သောကြောင့် ကုလားဖြူစာတတ်ရန် မြို့ကျောင်းသို့ပို့ထားရာ မှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ နေမျိုးနွယ် ဇာပန်နှောင်တော်များက အဘိဓမ္မာ နိပ္ပွန်ညီအစ်ကို ကြွေးကြော်သံနှင့်အတူ အာရှတိုက်ကို ကယ်တင် သိမ်းပိုက် လိုက်သောအခါ ကျောင်းသား ခေါင်းဆောင်ဟောင်းကြီးများ ဖြစ်ကြသော သခင်အောင်ကြီး၊ သခင်ထောင်ကြီးတို့ သွေးထိုးပေးခဲ့ကြသည့် မျိုးချစ်စိတ် ဓာတ်မာန်ကလေးဖြင့် ဘီအိုင်အေ တပ်မတော်ကြီးတွင် ရောယောင် ပါဝင်သွားခဲ့ရစဉ်ဝယ် ဘီအိုင်အေကို ဖျက်သိမ်းကာ ဗမာ့ကာကွယ်ရေး တပ်မတော်ကို စနစ်တကျဖွဲ့စည်းလိုက်သောကြောင့် ဆေးစစ်ရာတွင် မျက်စိ ရောဂါရှိ၍ အပယ်ခံလိုက်ရသဖြင့် စိတ်ပျက် လက်ပျက်နှင့် ဤရွာကလေး သို့ ပြန်လည်ခြေဦးလှည့်ကာ ဖခင်ကြီး ဦးစီးသော လေးကျွန်းမြင့်မိုရ်တွင် ဆန်စက်စာရေးကလေး လုပ်နေမိ၏။ သို့စဉ်ပင် မျိုးချစ်စိတ်လက်ကျန် ကလေးက မကုန်ခန်း အားမလျော့သေးသောကြောင့် ကျေးရွာကာကွယ် ရေး ကေဘိုထိုင် မိုလ်ကြီးလုပ်ကာ ဝါးချွန်ထိုးနည်းများ သင်ကြား ပို့ချရင်း
mgyoe.com

mgyoe.com


လေကြောင်းရန် ဘေးကြောင့် ည ကင်းစောင့်ရာဝယ် မီးတုန်ကလေး တစ်လက်လက်ဖြင့် "ကက်ရောင်းဘို့ရှိဒလားကက်"ဟူသော ကြက်ထမ်း ကုလားကို စပိုင်သူလျှိုကြီးအဖြစ် ဖမ်းဆီးရိုက်နှက်မိရာမှ...

"ကလီကမာလူ မဟုတ်ပါဘူး အကိုး..."

"ကလီကမာလူ မဟုတ်ပါဘူး အကိုး..."

ဟူသော အကြင် ကလီကမာ ဂါထာကလေး ပိုင်ရှင် ကိုဆာမိနှင့် ကြုံသိ ခဲ့ရပေသည်။

ပွဲဦးသိစကပင်လျှင် သူသည် ကလီကမာ ဂါထာကို အာဂုံရွတ်ရင်း သက်သာရာ ရသွားခဲ့ပေသည်။ ထိုနောက်ပိုင်းတွင်ကား ဆာမိ၏ ကြက်သား သည် ကျွန်တော်တို့ ကင်းသမား တစ်စု၏ ဝမ်းဗိုက်တွင် အမြဲတေအစိုင် အခဲစွဲလာသကဲ့သို့ "ဟော့...ဆာမိ ဒီနေ့ ဘာလို့ မလာပါလိမ့်"ဟူ၍များပင် သူ ပေါ်မလာလျှင် တတမ်းတတ ဖြစ်နေကြရပေတော့သည်။

တစ်ရွာလုံးကလည်း ည လူခြေတိတ် ကြက်အိပ်တန်းတက်ပြီးချိန် လောက်တွင် "ကက်ရောင်းဘို့ရှိဒလားကက်"ဟူသောအသံကို ရွာဦးကျောင်း မှ နံနက်အုန်းမောင်းခေါက်သကဲ့သို့ နားစွဲလာသလောက် ဆာမိတစ်ယောက် ရွာနှင့် အကျွမ်းတဝင် ဖြစ်လာခဲ့ရပေသည်။ ။

× × ×

သို့နှင်ပင် ညီအစ်ကို ဗာပန် နေမျိုးနွယ်များ တောင်စွယ်တွင် ကွယ် ပျောက်၍ မဟာမိတ်များ ဝင်ရောက်၍ ခေတ်ပြောင်းလာကာ တစ်ပြည်လုံး ဗမာ့လွတ်လပ်ရေး လူထုတိုက်ပွဲကြီး ဆင်နွှဲနေပေသောကြောင့် မျိုးချစ်စိတ် လက်ကျန်ကလေး အရှိန်မသေသေးသဖြင့် ခေါင်းဆောင့် ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများ နောက်တော်မှ အမြီးတန့်နှံ့နှင့် အချိန်ကုန်နေခဲ့ပြန်ရာ ကိုဆာမိနှင့် အဆက်ပြတ်နေခဲ့မိပေသည်။

သို့ဖြင့် တိုင်းပြည်ကြီး လွတ်လပ်ရေးရ၍ စနစ်တကျဖြစ်လာသော အခါ လွတ်လပ်ရေး တိုက်ပွဲဆင်နွှဲခဲ့စဉ်က ဆားထိုင်ချောင်ခိုပြီး ပညာကို သာ ကြိုးစားခဲ့သော သူငယ်ချင်းများ ဒီဂရီရကာ ဝန်ကြီး၊ ဝန်ကလေးများ ဖြစ်လာချိန်၌ စာရေးသူမှာ မိမိဘဝရှေ့ရေးအတွက် လက်လှမ်းမိရာ ဆန် စက် စာရေးကလေးဘဝကိုပင် ကုပ်ကပ် အသနားခံပြီး တောင်းပန်တိုးလျှိုး

mgyoe.com

mgyoe.com


၍ မိမိဘဝကို ရပ်တည်ရာ ရအောင် ကြိုးစားရပေသည်။ (သို့အသနားခံရသည်မှာ မျိုးချစ်စိတ် လက်ကျန်ကလေး၏ ကောင်းမှုပါပေ။ အဘယ်ကြောင့်ဆိုသော် သူဌေးများက နိုင်ငံရေး သတ္တဝါများကို မြင်ပြင်းကပ်သောကြောင့်ပင်တည်း။) ဤသို့ ဖြစ်ရခြင်းသည်ပင် ကလီကမာ ကိုဆာမိနှင့် ပြန်လည်တွေ့ဆုံဖို့ရန် အကြောင်းတရားဟုပင် ဆိုရပေချိမ့်မည်။

ဤသို့နှင့် စာရေး သူသည် မိမိဘဝ တစ်ဝမ်းတစ်ခါးတည်တံ့ ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာရေးများကို ကြိုးပမ်းလာရသော ကာလသို့ ရောက်လတ်သော်လည်း ဤရွာဦးကျောင်းမှ သင်ကြားပို့ချလိုက်၍ အရိုးစွဲလာခဲ့သော ဗုဒ္ဓရှင်တော် ဘုရား၏ အမှန်တရားနှင့် မြို့ကျောင်း၌ ကုလားဖြူစာသင်စဉ်က တွေ့ကြုံလိုက်ရသော သခင်အောင်ကြီး၊ သခင်ထောင်ကြီးတို့၏ မျိုးချစ်စိတ် မျိုးစေ့ကလေးများသည် အရိုးစွဲ၍ အမြစ်တွယ်ဆဲပင်တည်း။ ထို့ကြောင့်ပင် ဆန်စက် စာရေးဘဝတွင် စပါးဝယ်သူ . ဒဖြစ်လည်း ပေါင်မခိုး၊ ဆန်ရောင်းသူအဖြစ်လည်း ပေါင်မခိုး၊(ကြွင်းကျန်သေ ၁ ယနေ့ ဆန်စက်သမားတို့ သိန်းချီ၍ ခိုးနည်း၊ ခြစားနည်းများကို ကျမ်း ဒလေးမည်၊ ရန်များမည်စိုး၍ ချွင်းချန်ခဲ့ပါအံ့။)

သို့မခိုးတတ်မှုကြောင် စက်သူဌေး၏ မျက်မုန်းကျိုးခြင်းခံရကာ အလုပ်မှ ထွက်ခဲ့ရ၏။ ထိုအချိန် အိမ်ထောင်ဘက်ဇနီးသည်နှင့် သားဦးကလေး ပေါက်ဖွားခဲ့ပြီဖြစ်၍ အလုပ်လက်မဲ့ဘဝနှင့် အတော် ကသီလင်တနိုင်နေရာမှ နီးစပ်ရာကျေးရွာရှင်များကြောင့် SAMB နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အင်စပိတ်တော် ရာထူး ရခဲ့ရပေသည်။ ထိုရာထူးတွင်လည်း ရွာဦးကျောင်းက ပါလာသော အမှန်တရားနှင့် သခင်ထောင်ကြီးတို့ မျိုးချစ်စိတ်ကြောင့် အခက်အခဲတွေ့ရပြန်ပါ၏။

ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဝင် အဖြစ်ကား စပါးရောင်းလာသော တောင်သူလယ်သမားနှင့်ဆက်ဆံရ၏။ ထိုစပါးကို ချိန်တွယ် သည်ပိုးသည့် အလုပ်သမားနှင့် ဆက်ဆ ံရ၏။ ထိုအလုပ်သမား လယ်သမားတို့၏ မီးရှူးတန်ဆောင် နိုင်ငံရေး ာသင်းအဖွဲ့တို့နှင့် ဆက်ဆံရ၏။ သူတို့အားလုံးအတွက် တရားမျှတ မှန်ကန်မှု၊ စိတ်ကျေနပ်မှုရရန် အစိုးရကိုယ်စားဆောင်ရွက်နေရသော အလုပ်ပင်တည်း။

mgyoe.com

mgyoe.com


အကယ်ပင် တရားမျှတမှုကို တွေ့ရှိခဲ့ပါသလားဟု မေးပါမူ အဖြေရ ကျပ်လှပါပေသည်။ ထိုအဖြေရကျပ်လှသော ရောဂါဖြင့်ပင် ထိုအလုပ်မှ ထွက်ခဲ့ပြီးလျှင် တရားမျှတ သမ္မာအာဇီဝကျသော ကိုယ်ပိုင်လုပ်ငန်းကလေးတစ်ခုဖြင့် ရှာဖွေ စားသောက်ပါတော့မည် ဟူသော ကြံစည်ချက်ဖြင့် အိမ်ဆိုင်ကလေးတစ်ခု တည်မိတော့၏။ ထိုရောအခါ အကြံတူ ဉာဏ်တူ ကြက်ဆရာ ကိုဆာမိနှင့် ယှဉ်ပြိုင် ရင်ဆိုင် တိုးမိရပါတော့သည်။ ဆုံကောင်းဆုံရာ ဆိုင်နေရာပန္နက်သဲချသည့် အချိန်ပင်လျှင် တစ်ချိန်တည်း ဖြစ်နေ၏။ ဆာမိကလည်း ကုလားပေသည့် လူမတတ်သော်လည်း လက်ဖက်ထုပ်တတ်သည်ဟူသော စကားအရ လက်သမားဆရာ ဉာဏ်၏ နေ့နံရွေးအခါတော်ပေးသည့်အတိုင်း ပန္နက်ရိုက်ပေသကိုး။

ရွာကလေးတွင်ကား ဆိုင်ကလေး နှစ်ဆိုင်မှာ အပြိုင်လို ဖြစ်လာရပေသည်။ သို့သော် စာရေးသူအနေဖြင့်ကား မစိုးရွံ့မိ၊ အဘယ်ကြောင့်ဆိုသော် စာရေးသူသည် ရွာမွေးခြံပေါက် ဖြစ်သည်။ ဤတစ်ရွာလုံးသည် စာရေးသူ လုပ်ခဲ့ဖူးသော ဆန်စက်ထဲမှ လက်နိုင် အလုပ်သမားများသာ ဖြစ်ပေသည်။ ကြက်ထမ်းဆာမိကား တစ်ကောင်ကြွက်သမား ကုလားပင်တည်း။ ဤတွက်ကိန်းနှင့်ပင် ကိုယ်သာလျှင် ဟန်မည်ဟု ကျိန်းသေမှတ်ချက် ချမိပေသည်။ ပြီးတော့ တစ်ချက် ရှိသေးသည်။ ဆာမိသည် 'ကက်ရောင်းဖို့ ရှိဒလားကက်' ဆိုသောအချိန်၊ ကြက်ဝယ်သူအဖြစ် ခဲသင်းကတ္တရာဆေးသုတ် အလေးကြီးတို့ဖြင့် ဝယ်တတ်သလို၊ သူက ရောင်းသူအလှည့်တွင်လည်း ကုလားမောင်းကို ချိတ်ဆွဲရုံတွင် အားမရသေးဘဲ အလေးခိုးလိုက်သေး၏။ ဤရွာတွင် ငါးကျပ်လေးကား အရောင်းအဝယ်များ၏။ လက်ဖက်ခြောက်လို လက်ဖက်ခြောက်၊ ဆားလိုဆား အလီလီသာ ဝယ်တတ်သော ရွာသားများအတွက်ကား ဘာမဆို ငါးကျပ်သား အလေးကို အသုံးရများ၏။ ထို့ကြောင့် ဆာမိငါးကျပ်လေးသည် နဂိုပင်ရင်းငါးကျပ်လေးဘဝမှ တံစဥ်စားပြီးလျှင် ကတ္တရာသုတ် ရပ်ဖျက်လိုက်ပြီး အလေးအို အလေးဟောင်းအသွင်ဖြင့် လေးကျပ်ခွဲသားသာ စီးတော့သည်။ တစ်ခါဝယ်လျှင် ငါးမူးသားခိုးခြင်းဖြင့် အခါတစ်ရာဆိုလျှင်ငါးဆယ်သား အမြတ်မရပါလား။

ဒီအချက်တွင်လည်း စာရေးသူက မိုးခြိမ်းသံကြားလျှင် အလေးမှန်ပျို့

mgyoe.com

mgyoe.com

တောင်းမှန်ပ့ါ ဘုရားတ တတ်သော မြန်မာလူမျိုးပီပီ အလေးမှန်တောင်း မှန် ရောင်းလျှင် ထိုဆာမိ ပြိုင်နိုင်မည် မဟုတ်ဟု ထင်၏။

သို့သော် ဆိုင်ကလေး ဖွင့်၍ ကာလတောင် တာကြာလျှင် အထင်နှင့် အမြင်ပါစင်အောင် လွဲရလေပြီ။

ထိုလေးကျပ်ခွဲသား အလေးခိုးရောင်းသူ ဆာမိဆိုင်တွင် ပုလုကွေး အလေးကလေးမှအစ သက်ကြားအို၊ ဆံဖြူ၊ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုကြီး၊ အပျိုလေး၊ အပျိုပေါက်တို့ အဆုံး တစ်ရုန်းရုန်း ဈေးဝယ်မပြတ် ရှိတော့၏။

လက်သမားဆရာ ကိုမောင်တင့်သား ဖြိုးကြွယ်ကလေးသည် ဆာမိ၏ ဆိုင်စောင့်–ကျီးလှန်–ကြက်မောင်း ဖြစ်နေ၏။ ဆာမိကလည်း ကောင်ကလေး ရှေ့ပန်းကို ပွတ်ကာဆွဲကာ ချော့၏။ ဆော့၏။ ပဲလှော်လေး၊ ထန်းလျက်ကလေး ကျွေး၏၊ ပေး၏။ အရပ်ထဲမှ အာကြမ်း၊ လျှာကြမ်း ငါးစိမ်းသည် မစန်းကြီးသည်လည်း ဆာမိ၏ ဖောက်သည်ကြီး ဖြစ်ပေ၏။

"ခွေး ကုလားနော်... ငါများတော့ အလေးခိုးမယ်မကြံနဲ့၊ မိစန်းတဲ့... တစန်းထဲရှိတယ်။ နှုတ်ခမ်းမပါတာနဲ့ကို ပွတ်ပစ်လိုက်မယ်"

သို့သော် ကိုဆာမိက အပြုံးမပျက်ပေါင်။ စိတ်လက်ရှည်ရှည်နှင့် သူ့ရွတ်နေကျ...

"အမာကလည်း ကလီကမာ မလို့ တတ်ပါဘူး"

"မလုပ်တတ်ပါဘူးပြောပါ ကုလားရ"

"ကုလားပဲအမား၊ စကား ဘယ်ရမလဲအမား"

"အမယ်လေး မိကျောင်းသားရယ် ထည့်မှာထည့်စမ်းပါ။ လက်ဘက် ခြောက် ငါးကျပ်သား..."

ကိုဆာမိကတော့ထုံးစံအတိုင်း သူ၏ လေးကျပ်ခွဲသားအလေးနှင့် ပင် ချိန်ပေးလိုက်လေသည်။

အပျိုကြီး မအုန်းဆိုလျှင်လည်း ဆာမိနှင့် အလွန်သင့်လှ၏။ "ကုလားနော် လူပါးမဝနဲ့၊ ငါအကုန် နားလည်တယ် သိရဲ့လား..."

ဆာမိကမူ 'အမားကလည်း ကလီကမာ မဟုတ်ပါဘူး'ဂါထာကို ပဲ ရွတ်၏။ သို့သော် သူ၏ ဗို့–၁၅၀၀ အားရှိသော မျက်လုံးကြီးများသည် အပျိုကြီးအတွက် ကြည်နူးစရာ အကွက်ကလေးတစ်ခုပါပေ။ သို့သော်...

mgyoe.com

mgyoe.com

မအုန်းကိုလည်း လေးကျပ်ခွဲသားအလေးနှင့် ချိန်ပေးလိုက်၏။ တစ်ခုလပ်မကလေးမယ်အေး အလှည့်ကျသော် မယ်အေးသည် ဆာမိဆိုင်ရှေ့ ရောက်တိုင်း ထမိကို အခါနှစ်ဆယ်မျှလောက် ပြင်ဝတ်တတ်၏။ "ကိုဆာမိကြီး ငရုပ်သီး သုံးလေးတောင့် ယူသွားမယ်နော်"ဟု ပြောပြောဆိုဆို လက်တစ်ဆုပ် နှိုက်တတ်၏။ သို့သော် ဆာမိကား သူဝယ်သွားသည့် ပုဇွန်ခြောက် ငါးကျပ်သားကို လေးကျပ်ခွဲသား အလေးဖြင့်ပင် ချိန်ပေးလိုက်၏။ မုဆိုးမ မမယ်မြဆိုလျှင် ကိုဆာမိဆိုင်တွင် ထိုင်ကာသွားလေသူကို တတ, တဖြင့် "ဆာမိရယ် နင့်အစ်ကိုကြီးကို ပန်းခိုင်သာရှိရင် ငါဒီလိုနေရဖို့ အဝေးသား ကလား။ ဟိုတုန်းကများ မယ်ညိုပဒုမ္မာ, နင်မလစ်လုံချည် ခါးပေါ်က ချရတာ မဟုတ်ဘူး သိရဲ့လား။ နင်ကလည်း ငါ မုဆိုးမဆိုပြီး အကြွေးမပေးချင်ဘူးလားဟယ်"ဟု ခပ်ညညကလေး လွမ်းဟန်ပစ်တတ်၏။

ကျန် အပျိုဖြန်း၊ အပျိုလတ်၊ အပျိုကလေးတို့အလှည့်တွင်လည်း...

"ကိုဆာမိရားကြီး ကျုပ်တို့မှာတဲ့ အလှဆီ ဘယ်မလဲ။ ဝယ်ခဲ့မယ်ဆို..."

"အမယ်...ဆာမိ ကလီကမာလူမဟုတ်ဘူး။ ဝယ်မယ်ဆို ဝယ်ပေးတယ် မဟုတ်လား အေးဖိန်..."

ဟုတ်၏။ ဆာမိသည် မျက်နှာချေ ၁၀ ပြားတန်၊ အလှဆီ ပြား ၅၀ တန်တို့ကို တစ်လတစ်ခါ အလှည့်ကျဆိုသလို အေးစိန်၊ မိညို၊ အမာ တို့အတွက် မေတ္တာရှိ ဈေးပြန်လျှင် ဝယ်ခြမ်းပေးတတ်၏။ သို့သော် သူတို့ အားလည်း သူ၏လေးကျပ်ခွဲသားအလေးဖြင့်ပင် ချိန်ပေးပေသည်။

သို့ ကလေးမှအစ သက်ကြားအို ဆံဖြူ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုကြီး၊ အပျိုလေး၊ အပျိုပေါက်တို့အဆုံး တရုန်းရုန်းဈေးဝယ်မပြတ်ရှိသော အကြောင်းရင်းသည် အကြင်ကိုဆာမိရားနှင့် ကိုစံအုပ်မမယ်မိတို့ သမီးချော ရွာ ကွမ်းတောင်ကိုင် မိစောလေးတို့ ပုဆိုးတန်းတင် အကြင်လင်မယား အဖြစ် လူကြီးစုံရာနှင့်ပေးစား ထိမ်းမြားကြသောမင်္ဂလာအခါတော်ကျမှ သိရ ပါလေတော့၏။ နတ်ကြမ်း၊ အာကြမ်း၊ ငါးစိမ်းသယ် မစန်းကြီး အာဘော် အရမှူ "ကုလားလည်း လူပဲ ဘာဖြစ်ရမလဲ အရီးမယ်မိရဲ့၊ ဒါမှ ကလေးမ လေး အနွံအတာအဆဲအဆိုခံမှာ။ ဆာမိ သည်းခံနိုင်တာတို့ ကျုပ်ထက်

mgyoe.com

ဘယ်သူမှ ပိုမသိနိုင်ပါဘူးတော်။ ဒါကြောင့်လည်း ကျုပ်က 'သူ့အလေး မမှန်မှန်း' သိပေမယ်လို့ အဆဲဆိုခံတာလေး သနားပြီး ဖောက်သည်ဖြစ်နေမိတာ"ဟု ဆိုပေ၏။

အပျိုကြီး မအုန်းကမူ "အလကားပါအေ။ အစက ကုလား ငါ့ကို ရိသဲ့သဲ့လုပ်နေတာ၊ ဒို့ကလည်း အပျိုကြီးဘဝနဲ့ငှက်ပျောတုံး ဖက်သေလိုက်မယ်။ ကုလားတော့ စိတ်ကူးထဲတောင်မထည့်ဘူး သိလား"ဟု နှုတ်ခမ်းစူ၏။

တစ်ခုလပ်မကလေး မယ်အေးကမူ 'အလကား ခွေးကုလားက တဏှာရူးကြီးတော့ ကျုပ်ကလည်း အစားရချောင်အောင် သူ့ဆိုင်ဝယ်ခဲ့တာ ဒင်းအလေးခိုးရောင်းမှန်းလည်း သိသားပဲ။ ခုပုံနဲ့တော့ မိစော ပုံပျက်ပန်းပျက် ဖြစ်သွားမှာ သနားမိလိုက်တာ" ဟု မှတ်ချက်ချ၏။

မုဆိုးမ မမယ်မြ၏ မှတ်ချက်အရမူ ကိုစံအုပ် မမယ်မှီတို့သည် ကလားလေးဆာမိကြွေးမြီများ လည်ပင်းခိုက်တက်လာသောကြောင့် သမီးကို ထိုးအပ်လိုက်ကြသည်။ လူလယ်လုပ်လိုက်ကြသည် အဆိုရှိ၏။

ရွာသူ အပျိုကလေးများကမူ "အမယ် ကုလားဆာမိက မိစောရမှ ကိုစံမှီဆိုတဲ့ ဗမာနာမည် ပြောင်းတော့မယ်တဲ့တော့"ဟု ဆိုကြသည်။

အဘယ်မှတ်ချက်သည် မှန်ကန်တိကျမည်ကို စာရေးသူ ပြောစရာ အလုပ် မဟုတ်ပါပေ။ စာရေးသူ ပြောလိုသည်မှာ အလေးမှန်၊ တောင်းမှန် စေတနာသန့်သန့်ဖြင့် ရောင်းချသော စာရေးသူ ရွာခံဆိုင်ကို ကျောခိုင်း၍ ကုလားဆာမိ၏ ကလီကမာ အလေးခိုးသောဆိုင်ကိုမှ ဝယ်ချင်သော ဤရွာသူ ရွာသားများ၏ ကလီကမာစိတ်ကို နာကျည်းခံပြင်းမိတော့၏။ သို့နှင့် နောက်ဆုံး စာရေးသူမှာ ရသမျှ ငွေရင်းကလေးမြုပ်၍ ဆိုင်ဖြုတ်လိုက်ရပြီး ချစ်ဇနီးသည်နှင့် ရင်သွေးငယ်ကို ယောက္ခမထံ အပ်နှံကာ ဤရွာ ဤဒေသကို စိတ်နာလှစွာ ထွက်ခဲ့ပေသည်။ သို့သော် ရွာဦးကျောင်းနှင့် သခင်အောင်ကြီး၊ သခင်ထောင်ကြီးတို့ သွင်းပေးလိုက်သော အမှန်တရားနှင့် မျိုးချစ်စိတ် အရိုးစွဲ မတောက်တစ်ခေါက် စာကလေး၊ ပေကလေးရေးကာ တိုင်းပြည်သို့ တင်ပြချိန်၌ ကလီကမာ ကိုဆာမိသည် ကျေးရွာ ဒေသန္တရအုပ်ချုပ်ရေး ကော်မတီ

mgyoe.com

လူကြီးမင်း ဦးစံမိုအဖြစ် သူ၏ ကလိကမာ ဂါထာကို ဉုံခံ၍ ရွတ်နေလိမ့်ဦးမည် ထင်ပါသတည်း။ ။

၁၉၅၅ ခုနှစ်၊ ဇွန်လ၊ မြဝတီမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# ပင်မြက်မြေဇာ

မောင်စည်သူ

လူပျိုကြီးကိုမြဟန်၊ သို့မဟုတ် ငွေကိုင် စာရေးကြီး ကိုမြဟန်သည် လူ့လောကရေးရာများ၌ ဝါမရင့်သေးမီ လူပျိုပေါက်စ အရွယ်မရောက်တရောက်အချိန်အခါလောက်တုန်းက အခြားလူပျိုကြီး တစ်ဦးကတစ်ဖက်၊ အပျိုမကြီးတကြီး၊ အပျိုလတ်လတ်၊ အပျိုခပ်ရွယ်ရွယ်တို့ ပါဝင်သော မိန်းမထုတို့က တစ်ဖက် စစ်ခင်းကြသည့်အကြားဝယ် မြေဇာပင်အဖြစ်သို့ ရောက်ခဲ့ဖူးသည့်အကြောင်းကို သူ၏ ရင်းနှီးသော မိတ်ဆွေများကြားသိရသောအခါ ကမ္ဘာကျော် ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဂျိုးလူးဝစ်ငယ်စဉ်က ဘိန်းစားတစ်ယောက်၏ အလဲထိုးခြင်းခံရသည်ဟူသော အဖြစ်အပျက်ထက် ပင် ထူးဆန်းသည်ဟု ထင်လိုက်မိကြလေသည်။

"အဲဒီတုန်းက ကျွန်တော် ရှက်လိုက်တဲ့ အရှက်များဗျာ... ပြောကို မပြောချင်တော့ပါဘူး။ အခန်းထဲက အပြင် မထွက်ဘဲ ခြောက်ရက်တိတိ အိမ်တွင်းအောင်းနေခဲ့မိတယ်"

"ဟာ ခင်ဗျားဟာက ယုံတမ်းကြီးများလားဗျာ"

မေးမည်ဆိုလည်း မေးလောက်စရာပင် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် သူတို့ သိထားသော ကိုမြဟန်မှာ မိန်းမကိစ္စနှင့် ပတ်သက်လျှင် မသိတာ မရှိသော ကိုမြဟန်၊ မိန်းမပေါင်း တစ်ထောင်ကျော်ထက်မနည်း

mgyoe.com

mgyoe.com

ရင်းရင်းနှီးနှီး တွေ့ခဲ့ဖူးသည့် ကိုမြဟန်၊ ဆန့်ကျင်ဘက် လိင်နှင့် စပ်လျဉ်းသည့် အဘိဓမ္မာများ၌ ပါရဂူဟု ခေါ်ဆိုလောက်အောင် ကျွမ်းကျင်သည့် ကိုမြဟန်သာ ဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။

"ဟာ... ဘယ်က ယုံတမ်းရမှာလဲဗျာ...တကယ့်အဖြစ်အပျက်ပါ...၊ အခု မဟုတ်ပါဘူး၊ ဟိုတုန်းကပါလို့ဆိုနေ...နောက်ပြီးတော့ ခင်ဗျားတို့ကို ကျွန်တော် တစ်ခါပြောဖူးတယ် မှတ်လား...၊ ငယ်ငယ်တုန်းက ကျွန်တော်ဟာ ဘယ်လောက် ရိုးတယ်... အ,တယ်ဆိုတာ....အဲဒီ အဖြစ်အပျက်ဖြစ်တဲ့ အခါတုန်းကဆိုရင် ရန်ကုန်တောင် ကျောင်းပိတ်တဲ့အခါတွေကျမှ အဒေါ်တွေနဲ့ လာနေရတာဖြစ်လေတော့... တကယ့် လူသူတော်ကောင်းကလေးဘဝနဲ့ပဲ ရှိပါသေးတယ်။ ခင်ဗျားတို့ကလည်းဗျာ...ကျုပ်ကို ဒီလောက်ပဲ အထင်သေးရသလား... ဟဲ...ဟဲ...ဟက်..."

သူခါတိုင်းရယ်သကဲ့သို့ အသံသြသြကြီးဖြင့် အားရပါးရ ရယ်နေတော့သည့်အတွက် သူ၏မိတ်ဆွေများမှာ "အင်းလေ...ဒါတော့လည်း ဟုတ်တန်ကောင်းရဲ့"ဟူသော သဘောနှင့် ခေါင်းတညိတ်ညိတ်လုပ်နေလိုက်ကြရတော့လေသည်။

ဟုတ်ပါသည်။ ကိုမြဟန်သည် တစ်ခါတုန်းက သူတို့အား သူငယ်စဉ်တုန်းက ယခုကဲ့သို့ မြာပွေသောသူတစ်ယောက်မဟုတ်ပုံ၊ ကောလိပ်ရောက်သည်အထိ အဘယ်မျှ ရိုးသားပုံ၊ ထိုမျှမက ကောလိပ်ကျောင်းသားဘဝမှာပင် အငြိမ့်မင်းသမီးတစ်ဦးက သူ၏ ရိုးသားသော အချစ်ကို အလွဲသုံးစားလုပ်သွားပုံများနှင့်တကွ ထိုကမှ မိန်းမတွေအပေါ် စိတ်နာပြီး သူ၏ သဘောထားပြောင်းလဲကာ စိတ်နာနာဖြင့် ပွေခဲ့ပုံ ရာဇဝင်တို့ကို ပြောပြပြီး ဖြစ်လေရာ သူတို့သိပြီး ဖြစ်ကြ၏။

"ဩော်...ဟုတ်တယ်၊ ခင်ဗျား တစ်ခါတုန်းက ပြောဖူးသားပဲ၊ ငယ်ငယ်တုန်းက ရိုးတယ်ဆိုတဲ့အကြောင်း မေ့သွားလို့ပါဗျာ...ဆောရီး... ဒါကြောင့် ခင်ဗျားကို အထင်သေးမိတာပါ။ ဟဲ...ဟဲ ဗွေမယူပါနဲ့။ ကဲ... ဒါဖြင့် အဲဒီ ခင်ဗျား မပြောချင်ပါဘူးဆိုတဲ့ အဖြစ်အပျက်ကလေး ပြောပြစမ်းပါအုံး။ နားထောင်ရအောင် ထုံးစံအတိုင်း အာခြောက်နေလို့ မပြောတတ်ဘူးဆိုရင်လည်း ဒကာခံပါ့မယ်"
mgyoe.com

mgyoe.com

သူတို့အထဲမှ စာရေးကြီးတစ်ဦးက ကိုမြပဟန်အား တရားတောင်းလိုက်လေသည်။ ဘယ်အခါမဆို ကိုမြပဟန်သည် ထိုကဲ့သို့ ယောကျ်ားချင်းချင်းဆုံမိတတ်သည့်အခါ မိန်းမအကြောင်းတို့ကို ပြောဆိုကြရာ၌ သူ၏ တကယ့်အဖြစ်အပျက် အတွေ့အကြုံများကို တစ်ခါတစ်ရံ အရင်းအတိုင်း၊ တစ်ခါတစ်ရံ အကွန့်အတွန့်ကလေးဖြင့် ဖောက်သည်ချလေ့ရှိသည်တွင် အာခြောက်လျှင် အာဝဇ္ဇန်းမရွှင်တတ်သော ညာဉ်ကလေးရှိသည့်အတိုင်း သူ၏ မိတ်ဆွေများက သူ အာဝဇ္ဇန်းကောင်းစေရန် သုရာရည်ကို ဒကာခံကြရလေသည်။ ထို့ကြောင့် ယခုလည်း ကိုမြပဟန်အား ထုံးစံအတိုင်း ပြောလိုက်လေသည်တွင်...

"ဟာ... မလိုပါဘူးဗျာ၊ အခုတလော နေပူလွန်းလို့ ချွေးထွက်လွန်းအားကြီးလို့ပဲလား မသိဘူး။ သောက်ချင်စိတ် တယ်မဖြစ်လှဘူး၊ စီးကရက်တစ်ဘူးလောက်ဆိုရင် တော်ပါပြီ"ဟု ကိုမြပဟန်က သူကြိုက်တတ်သော ဘောဇဉ်ကို ထိုနေ့အဖို့ ထူးထူးခြားခြား ငြင်းဆိုလိုက်ရာ...

"ဟာ...ကိုယ့်ဆရာ ဒီတစ်ခါ ထူးထူးခြားခြား ငြင်းလိုက်ပါကလား..."

(၂)

"ကျွန်တော် အသက်ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက်တုန်းက ကျွန်တော်တို့ ကျောင်းပိတ်တဲ့အခါမှာ ရန်ကုန်က အဒေါ်များဆီ လာလာပြီး နေလေ့ရှိတယ်ဗျ..."

ကိုမြပဟန်သည် စီးကရက် တစ်လိပ်ကို မီးညှိသောက်လိုက်ပြီး မီးခိုးလုံးများကို အခွေလိုက်၊ အခွေလိုက် တက်သွားအောင် မှုတ်ထုတ်လိုက်ရင်း သူ၏ ဇာတ်လမ်းကို အစပျိုးလိုက်ပါသည်။ သူ၏ မိတ်ဆွေများမှာလည်း သူ့ဘက်သို့ အာရုံလှည့်လိုက်ကြလေသည်။

"အဲဒီတုန်းက ကျွန်တော် မှတ်မိတယ်...။ ကျွန်တော့် အဒေါ်များနေတာက လေးဆယ့်နှစ်လမ်း၊ တိုက်နံပါတ်တော့ မေ့နေပါပြီဗျာ။ သုံးထပ်တိုက် အလယ်ထပ်တစ်ထပ်မှာ အဲဒီဘက်က လမ်းတွေဟာ ခင်ဗျားတို့လည်း ရောက်ဖူးမှာပေါ့။ ရန်ကုန်မြို့က လမ်းတွေထဲမှာ တော်တော့်ကို

mgyoe.com

mgyoe.com

ကျဉ်းတဲ့လမ်းတွေဗျ။ တစ်အိမ်နဲ့တစ်အိမ် လမ်းသာ ခြားနားပေတဲ့ ဘာမှ ကွာလှမ်းလှတာမှတ်ဖူး...။ တစ်အိမ်ကို တစ်အိမ် လှမ်းကြည့်ရင် ဘာမဆို မြင်နေကြရတယ်..."

"ဟုတ်တယ်ဗျို့...ဟုတ်တယ်... အဲဒီဖက်က လမ်းတွေဟာ တော်တော်ပဲကျဉ်းတယ်..."

"အဲ...အဲ ဒီတော့ ကျွန်တော်တို့ အခန်းနဲ့ မျက်နှာချင်းဆိုင်အခန်း တစ်ခန်းမှာလည်း ဘယ်သူတွေနေသလဲဆိုတော့ မိန်းမတွေချည်းတစ်သိုက် စုနေကြတယ်ဗျ...။ အဲဒီထဲမှာ အပျိုကြီး...အပျိုကလေး...အပျိုရွယ်ရွယ် တော်တော့်ကို 'အထရက်ရှင်' ဖြစ်တယ်ဗျို့ ဟဲ...ဟဲ..."

ကိုမြဟန်သည် သူ့ဘာသာ သူပြောပြီး သဘောကျသကဲ့သို့ ရယ်နေလေရာ...

"ဒါဖြင့် ခင်ဗျားအဖို့ အံကိုက်ဖြစ်နေမှာပေါ့...။ ပွဲတော်ကြီးနဲ့ တွေ့နေရတယ် မှတ်လား..."ဟု တစ်ယောက်က ထင်မြင်ချက်ပေးလိုက်လေသည်တွင် ကိုမြဟန်က ခေါင်းကြီးကို တွင်တွင်ရမ်းကာ...

"ဟာ...ဘယ်ဟုတ်ရမလဲဗျ။ အဲဒီတုန်းက ကျွန်တော်ကလည်း ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ် ဆိုမှပဲ။ နောက်ပြီး ကျွန်တော် ငယ်ငယ်တုန်းက သိပ်ရိုး သိပ်ရှက်တတ်တယ်လို့ ကျွန်တော် ပြောဖူးတယ် မှတ်လား... ဒီတော့ သူတို့ဘက်ကို ရဲရဲတောင်ကြည့်ရဲတာ မှတ်ဖူး၊ အဟီး...ဟီး..."

"ဒါပေမဲ့ ခင်ဗျား အဲဒီတုန်းကတည်းက စိတ်ထဲကတော့ ကောင်းကောင်းကြီး ပြစ်မှားတတ်နေရောပေါ့ဗျာ...ဟဲ...ဟဲ..."

တစ်ယောက်က ထိုသို့ ကိုမြဟန်အား နောက်လိုက်ရာ သူသည် ရှက်သွေးနီကလေး မျက်နှာပေါ်တွင် ရုတ်တရက် သန်းသွားရင်း...

"ဒါတော့ ကိုယ်ချင်းစာကြည့်ပေါ့ဗျာ ဟဲ...ဟဲ"ဟု သွယ်ဝိုက်ကာ ဝန်ခံပြီးနောက်...

"အဲဒီအခါတုန်းက ကျွန်တော်တို့အိမ်မှာ ဘယ်သူရှိသလဲဆိုတာ ပြောရဦးမယ်။ ကျွန်တော့် ဒေါ်ဒေါ်နဲ့ ဦးလေးတို့ လင်မယားအပြင် ဦးလေးဘက်က ဆွေမျိုးနီးစပ်တော်တဲ့ ကိုဖိုးရဆိုတဲ့ လူပျိုကြီးတစ်ယောက်ရယ်၊ ထမင်းချက်တဲ့ ကိုအုန်းဆိုတာရယ် ရှိတယ်ဗျ။ ကျွန်တော်လာတဲ့အခါ

mgyoe.com

mgyoe.com


ကျွန်တော် ပါပေါ့ဗျာ။ အဲဒီတော့ အိမ်မှာ မိန်းမဆိုလို ကျွန်တော့် အဒေါ် တစ်ယောက်ပဲရှိပြီး အားလုံး ယောကျ်ားတွေချည်း ဖြစ်နေတာပေါ့။ နေ့ခင်း ကျွန်တော့် အဒေါ်က ဆိုင်သွားထွက်နေတဲ့အခါ ယောကျ်ားတွေချည်းလိုလို ကျန်နေခဲ့တယ်။ ဦးလေးကတော့ နေ့ခင်း ရုံးသွားပေါ့လေ..."

"ဒါဖြင့် အဲဒီအထဲမှာပဲ ဇာတ်လိုက်ရွေးရတော့မှာပေါ့လေ... ခင်ဗျား လည်းမဟုတ်ဖူးဆိုတော့ ဘယ်သူများ ဖြစ်မလဲ..."ဟု စာရေးကြီးတစ်ယောက် က ဝင်၍ သောပြန်သည်တွင် ...

"ဘယ်က ဇာတ်လိုက်တွေ ဘာတွေရှိရမှာလဲဗျ။ မပါပါဘူး... နားထောင်စမ်းပါဦး..."

ကိုမြဟန်သည် ရှေ့သို့ ဆက်ရန် စဉ်းစားရင်း စီးကရက်ကို အားရ ပါးရ ဖွာနေပြန်သည်။ ပြီးနောက်မှ ဆက်၍...

"မိန်းမတွေဟာ စဉ်းစားကြည့်ရင် တော်တော်သောင်းကျန်းတာပဲဗျာ ... သူတို့အသိုက်ထဲ ရောက်သွားတဲ့ ယောကျ်ားဆိုရင် မသက်သာဘူး။ တော်ရုံတန်ရုံယောကျ်ားများဆိုရင် အရှုံးလုံးလုံးဖြစ်မှာ. .

ထိုသို့ထူးဆန်းသည့် မှတ်ချက်တစ်ခုကို ချနေသည်တွင် နားထောင် နေကြသူ စာရေးကြီးများမှာ မည်ကဲ့သို့သော ဇာတ် မ်းမျိုးပေနည်းဟု ရင်တောင်မှပင် ဖိုမိသွားကြလေသည်။ ထို့ကြောင့် တစ်ဦးသော စာရေးကြီး က...

"ဟာ...ရှုံးချင် ရှုံးသွားပါစေဗျာ...။ ခဏဖြစ်ဖြစ်လောက်တော့ ရောက်လိုက်ချင်ပါရဲ့..."ဟု အားရပါးရ ေ ိက်မိလေသောကြောင့် ကိုမြဟန်က ဟက်ဟက်ပက်ပက် ရယ်မောကာ...

"အောင်မယ်လေးဗျာ၊ ကိုယ့်ဆရာကလည်း ဘာတွေများ ချော်တော ငေါ့ပြီး အတွေးနက်နေပြန်လည်း မသိဘူး။ ဒီလောက်အထိလည်း မှုတ် သေးပါဘူး ဆရာကြီးရဲ့ ဟဲ...ဟဲ..."

"မသိဘူးလေဗျာ...ခင်ဗျားဟာက ဘာလိုလိုနဲ့ကိုး..."

"ကျွန်တော်ပြောတာကို ဆုံးအောင်မှ နားမထောင်သေးပဲ အရမ်း စိတ်ကူးယဉ်ပစ်လိုက်တာကိုးဗျ။ ကျွန်တော်ဆိုလိုတာက ယောကျ်ား အင်အား ထုကနည်းပြီး မိန်းမအင်အားထုက များလာပြီဆိုရင် သူတို့တစ်တွေက

mgyoe.com

mgyoe.com


နောက်တာ၊ ပြောင်တာ၊ စ,တာက ယောကျ်ားကလေးတွေထက်တောင် သောင်း ကျန်းသေးတယ်လို့ ဆိုတာပါဗျ…"

"ဩော်…ဒီလိုလား၊ ဒါဖြင့် ဆက်ပါဦးဗျာ ခင်ဗျားဇာတ်လမ်းကို…"

"အဲဒီလို ကျွန်တော်တို့အိမ်မှာက ယောကျ်ားချည့်သုံးယောက်တည်း… သူတို့က မိန်းမတွေ တစ်ပုံကြီးဆိုတော့ ကျွန်တော်တို့တစ်တွေကို သူတို့က မောင်ချင်းမစာမနာ နောက်ချင်တိုင်းနောက်၊ ပြောင်ချင်တိုင်းပြောင်နေတာပေါ့ ဗျာ…ဟဲ…ဟဲ၊ အဲဒီထဲမှာ ဦးလေးကိုဖိုးရဆိုတဲ့ လူပျိုကြီးကလည်း သိပ် လူအေးကြီးတစ်ယောက် မဟုတ်တောင် ကျွန်တော်တို့ အဒေါ်ကို သိပ် ကြောက်ရတော့ အမြဲတမ်း ကုပ်နေရတယ်ဗျ။ ကိုအုန်းဆိုတဲ့ ထမင်းချက် ကလည်း အညာသား၊ ကြောက်တတ်လိုက်တာ လွန်ရော။ ကျွန်တော်က လည်း အဲဒီတုန်းက ဘုရားလောင်းကလေးလို နေတာလား။ အကယ်၍သာ အခုနေအတိုင်းဆိုရင်တော့လည်း ဟဲ…ဟဲ…။

"ဒါပေတဲ့ ကျွန်တော်အဖို့တော့ သိပ်မထောင်းတာပါဘူး။ ချာတိတ် ဆိုတော့ သူတို့က ဂရုစိုက်ပုံမပေါ်ဘူး။ ကျွန်တော်ကလည်း သူတို့တစ်တွေ အခန်းဘက်ကို ရဲရဲတောင်မကြည့်ဝံ့ဘူး။ တစ်ခါတလေ နည်းနည်းပါးပါး သာ ခိုးခိုးကြည့်တာကိုး။ ကိုအုန်းကိုတော့လည်း ထမင်းချက်ဆိုတော့ ဒီ လောက်မဟုတ်လှဘူး။ အဲ…အခံရဆုံးကတော့ ဦးလေးကိုဖိုးရကြီး ဖြစ်နေ တယ်ဗျ။ သူ့ကိုဆိုရင် အဲဒီ ငတိမတွေက ချောင်းသံပေးလိုက်၊ ကိုးဖိုးရကြီးက သူတို့ဖက် လှည့်ကြည့်ရင် လျှာထုတ်ပြလိုက်၊ တခိခိတခွတ်ခွတ်နဲ့ ရယ်လိုက်ကြပေါ့ဗျာ…။

"ဒါတောင်မှ ဦးလေး ကိုဖိုးရကြီးက သိပ်အညှံ့စားတော့ မဟုတ်သေး ဘူးဗျ။ တစ်ခါတလေ ပြန်ပြီး အညှံ့မခံတဲ့သဘောနဲ့ အရွဲ့တိုက်လား၊ ဘာ လားလုပ်သေးတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါ ကျွန်တော်တို့ အဒေါ်က ရှိနေတော့ ငြိမ်ခံနေရရှာတယ်…။

"အဲဒီလိုနဲ့ ငနဲမတွေရဲ့လုပ်ပုံတွေဟာ အတော်ကလေး သောင်းကျန်း လာပါလေရောဗျ။ ဘယ်လိုလည်းဆိုရင် ဟိုဖက်အခန်းကနေပြီး ကိုဖိုးရ မှတ်ဆိတ်ရိတ်တဲ့ဟန်တွေ၊ နှုတ်ခမ်းမွေးနုတ်တဲ့ဟန်တွေကို အကုန်လုံး လိုက်ပြောင်ပြီး တဝါးဝါး တဟားဟားနဲ့ လုပ်နေကြတယ်…။ အဲဒီတော့

mgyoe.com

mgyoe.com


သိပ် မထိခိုက်လှပေတဲ့ အောင့်သက်သက်နဲ့ အတော်ခံရ ခက်နေရှာတယ်ဗျ။ ဒါတောင် သူတို့ရှက်လောက်အောင် အရွဲ့တိုက်ပြီး ချိုင်းမွှေး နုတ်ပြလိုက်သေးတယ်။ ဒါလည်းပဲ မရဘူးဗျို့။ သူတို့က ဂရုမစိုက်တဲ့သဘောနဲ့ လိုက်ပြောင်သေးတာပဲ…"

"ဟာ…ဒီလောက်တောင်ပဲလားဗျာ။ ကျွန်တော်သာဆိုရင် ဘာပဲဖြစ်ဖြစ်…"

"ဟာ…ဒီလို အကြမ်းနည်းမျိုးနဲ့တော့ ဘယ်ကောင်းမလဲဗျ။ ဘာလဲဆိုတော့ ခေတ်ဆန်တဲ့ အမျိုးသမီးတွေတောင် ဒီလိုယောကျ်ားတွေက ပြောင်တဲ့အခါ စပို့စမင်းစပိရစ်ကိုပြရသေးတဲ့ဟာ၊ ယောကျ်ားတွေကဆို သာပြီး သဘောထားကြီးဖို့ ကောင်းတယ်မှတ်လား။ နောက်ပြီး သူတို့ကလည်း တကယ့်စေတနာဆိုးနဲ့မှ မဟုတ်ကြဘဲကလား။ ဒီလိုပဲ ပျော်စေပြက်စေ ဆိုပြီး လုပ်နေကြတာကိုး။ ဒီတော့…"

"ရက်စ် ဟုတ်တယ်ဗျို့… ခင်ဗျားပြောတာ…"

"ဒါပေတဲ့ နားထောင်ဦးလေး… ကျုပ်တို့ ဦး လး ကိုဖိုးရကြီးတန်ပြန်လိုက်တာဟာ ဘယ်လောက်ယဉ်သလဲလို့။ အဲ့ဒါမှ တနင်္ဂနွေတစ်နေ့မှာ ဦးလေးနဲ့ ဒေါ်ဒေါ်တို့အပြင်ထွက်နေကြတုန်း ကျွန်တော်တို့ချည်းရှိတဲ့အခါမှာ သူတို့ကလည်း အလုပ်အားတဲ့နေမို့လို့လား မသိဘူး။ ဘယ်မှ မသွားကြဘဲ အပေါက်ဝထွက်ပြီး စကားပြောနေကြတာပေါ့လေ။ ဒါနဲ့ ကျွန်တော်တို့ဆိုတာ အခန်းအောင်း နေတယ်။ ဟဲ…ဟဲ…"

"ဩော်…ကျုပ်တို့ ကိုမြဟန်ကြီးတောင်မှ ဝင်္ဂါခါတုန်းက ဒီလောက်ပဲ ခံလိုက်ရသကိုး…"

"ဟာ…ဒီလောက်-ဘယ်ကမလဲဗျာ… နားထောင်ဦး… နားထောင်ဦး။ အဲဒီနေ့မှာ ဦးလေးကိုဖိုးရကြီးကတော့ ဘယ်လို အကြံနဲ့မသိဘူး။ ဂရုမစိုက်တဲ့သဘောနဲ့ ခပ်အေးအေးပဲ အပြင်ထွက်ပြီး စာဖတ်နေတယ်ဗျ။ ဟိုဖက်ကလည်း သူ့ဖက် တစ်ခါတစ်ခါလှည့်လှည့်ပြီး နောက်နေကြရက်ပဲ..။

"အဲဒီလိုက ကိုဖိုးရကြီးဟာ ရုတ်တရက်နေရာက ထပြီး ဟိုဟာလုပ် ဒီဟာလုပ်နဲ့ သူ့ဖာသာသူ အလုပ်ရှုပ်နေလိုက်ပြီး ကျွန်တော့်ကို

mgyoe.com

mgyoe.com


လမ်းခေါ်လိုက်တာကိုး။ ဒါနဲ့ ကျွန်တော်ကလည်း မထွက်ချင် ထွက်ချင်နဲ့ ထွက်လာရတာပေါ့။ သူကတော့ ဘာမှ အရေးမကြီးသလို မှင်သေသေနဲ့ ပဲ ကျွန်တော့်ကို သူ့လက်ထဲက ဓာတ်ပုံတစ်ခုပေးပြီး 'မောင်မြဟန်ရေ… ဦးလေးကို ဒီဓာတ်ပုံကလေး ဟောဟို ဘုရားစင်အောက်မှာ ချိတ်ပေးစမ်း ပါကွာ… ဦးလေးအောက်က လှမ်းပေးမယ်'ဆိုပြီး ခိုင်းတာကိုး…။

"ဒါနဲ့ ကျွန်တော်တောင်မှ အိမ်ရှေ့ထွက်လာရတာကိုမေ့ပြီး သူ့အလုပ် ထဲ စိတ်ဝင်စားသွားမိတယ်။ ဓာတ်ပုံချိတ်ရမှာက အိမ်ရှေ့ခန်းဆိုတော့ ဟိုဟာ ဟောဒီကအတိုင်းသား မြင်ရတယ်။ ဒါပေမဲ့ ဒီတစ်ခါ ကျွန်တော် သိပ် ကြောင်လှတယ်မထင်ဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ အလုပ်နဲ့ကိုး…။

"အဲဒီတော့ ကျွန်တော်က အသာကလေး ခွေးခြေတစ်ခုယူပြီး ဓာတ်ပုံ ချိတ်ရမယ့်နေရာအောက်မှာ ခွေးခြေပေါ်တက် မတ်တပ်ရပ်လိုက်တယ်။ အဲဒီလို မတက်မီ မသိမသာ အိမ်ရှေ့ကို လှမ်းကြည့်လိုက်သေးတယ်ဗျ။ သူတို့တစ်တွေဟာ ကျွန်တော့်ဘက်ကို အာရုံစိုက်နေကြပုံပဲ။ ကိုဖိုးရကတော့ ဘာမှ သိပ်ဂရုစိုက်လှပုံမရဘဲနဲ့ ခပ်အေးအေးပဲ ကျွန်တော့်ကို အောက်က ဓာတ်ပုံလှမ်းပေးလိုက်တယ်။ ဒါနဲ့ ကျွန်တော်က အသာယူပြီး ချိတ်ပေါ်မှာ ကျကျနနလည်း ချိတ်ပြီးရော…"

ကိုမြဟန်သည် ထိုသို့ ပြောနေရာမှ ခဏရပ်နေလိုက်လေသည်။

"ဘာလဲဗျ ဘာဖြစ်သွားလဲ ပြောစမ်းပါ…"

သူ၏မိတ်ဆွေများက မစောင့်နိုင်သဖြင့် မေးလိုက်ကြလေသည်။

"တော်တော်ဆိုးတဲ့ ဦးလေးကိုဖိုးရဗျာ။ ကျွန်တော်ဖြင့် ပြောပဲ မပြောချင်တော့ပါဘူး…"

ဤသို့ ကိုမြဟန်က လုပ်နေသေးရာ၊ စာရေးကြီးတစ်သိုက်မှာ အတော်သိချင်နေကြလျက် ရှိလေတော့သည်နှင့် "လုပ်ဗျာ ခင်ဗျားဟာက ဘာဖြစ်သလဲ။ ဘယ်လိုဆိုးတာလဲ…"ဟု ဝိုင်း၍ ပွက်နေကြတော့သည်တွင် မှ…

"ကျွန်တော့်လုံချည်စကို အောက်က ဆွဲချလိုက်တယ်ဗျာ။ ကဲ… ကောင်းသေးလား…"

အဲဒီနေ့ကစပြီး ငနဲမတွေဟာ တစ်ခါတည်း ဝပ်သွားကြလို့ သူ့အဖို့

mgyoe.com

mgyoe.com


တော့ ကောင်းပါရဲ့။ ကျွန်တော့်အဖို့တော့ ကြားထဲက အချောင်မြေဇာပင် သက်သက်ဖြစ်ခဲ့ရတာပေါ့ဗျာ...ဟဲ...ဟဲ...ဟဲ..."

၁၉၅၅ ခုနှစ်၊ ဩဂုတ်လ၊ မြဝတီမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မျက်စိမှား စားမယ်

နတ်မောက် ဘုန်းကျော်

ပြကွင်း (၁)

(ဇာတ်စင်၏နဖူးစည်းမှာ ကတ္တီပါအစိမ်းရောင်ပေါ်တွင် အလယ်တည့်တည့်၌ ဗမာ့တပ်မတော် အထိမ်းအမှတ်တံဆိပ်ဖြစ်သော ဗန္ဓုလ သံခမောက်နှင့် ဓားနှစ်လက်ပုံရှိရမည်။ ပုဏ္ဏကွယ်များမှာ အဝါရောင်အောက်ခံတွင် နဂါးနီစာအုပ်အသင်းမှ နဂါးခေါင်းပုံကို အနီရောင်ဖြင့် အကွက်ဖော်ထားပုံ ဖြစ်ရမည်။ ထိပ်စည်းကားမှာ ကတ္တီပါအနီရောင်ကားကြီး ဖြစ်ရမည်)

ကားလိပ်

တဖြည်းဖြည်းပွင့်လာစေ။ ။

အချိန်၊ ။ ၁၉၅၃ ခုနှစ်

နေရာ၊ ။ ဟသ်ာတ၊ ကျုံပျော်ကားလမ်းဘေးရှိ သောင်ကြီးရွာ၏ အပြင်ဖက် ဥယျာဉ်တစ်ခုအတွင်း။

တီးဝိုင်းမှ ဗိန်းမောင်းသံကို မပွင့်တစ်ပွင့် တီးပေးနေရမည်။ ဇာတ်စင်ပေါ်တွင် လူ (၂၀)ခန့်ပါဝင်သော ကြက်ဝိုင်း ကျင်းပနေရမည်။

သောင်ကြီးရွာသူကြီး၊ ။ ကဲ…ဒိုင်လွှတ်ခါနီးနေပြီ။ လက်ရင်းကြေးတိုးအုံးမလား။ ဟော့…ထုံနစိ ၇၅၀ ကျပ် အစွမ်းကုန်ပဲလား။

mgyoe.com

mgyoe.com

ထုံနစို၊ ။(ခေါင်းတွင် ပေါင်းထားသော တဘက်စ,ကို ပြင်ရင်းပြော) သူကြီးနှယ်...ကျုပ် ဥဘန်းကိုမှ နိုင်တယ်ဆိုရင်'ငစို'တစ်သက်လုံး လိုက်ပြီး ကျွန်ခံမယ်ဗျို့။

သူကြီး၊ ။ မင့်းမေကလွှား...မင်း ကျွန်ခံတာ မခံတာက အရေး မဟုတ်ပါဘူး။ လက်ရင်းကြေး တိုးရဲသလား...မတိုးရဲဘူးလား...။

ထုံနစို၊ ။(သူ့လူများနှင့် တီးတိုးတိုင်ပင်ပြီး ပြော)ကဲ...ဥဘန်းကြီး ဖက်က ၂၅၀ ကျုပ် တိုးသဗျာ။ တစ်ထောင်...တစ်ထောင် လိုက်ရဲရင်လိုက်။

သာရွှန်း၊ ။ ကျုပ်နွားတွေ ပြုတ်သွားချင်သွားပါစေ။ ဟာ...ရှုပ်ပါ တယ်။ (ဗတလစ)ကိုင်း အမတော်ကြေးပါ ကုန်သွားပါစေ။ တစ်ထောင် စိန်လိုက်။ လိုက်တယ်ဗျို့ သူကြီးမင်း။

သူကြီး၊ ။ ဒါဖြင့် လက်ရင်းတစ်ထောင်၊ ဒိုင်ဖြတ်ပြီ။ လက်ဖျား ကြေးတွေရှင်းကြ။ ကဲ...စလွှတ်ကြကွာ။

(သူကြီးက ဒိုင်လွှတ်ပေးသည်နှင့်တစ်ပြိုင်နက် ကြက်ကိုင်သမား နှစ်ဦးကလည်း ကြက်များကို လွှတ်ပေးလိုက်သည်။ ထုံနစို၏ ဥဘန်းကြက် နှင့် သာရွှန်း၏မဲကလေးတို့မှာ ဝိုင်းလယ်တွင် လည်ဆံမွေး တဖွားဖွား ခေါင်းတမော့မော့နှင့် ခွပ်နေကြစေ။ ၁၅ မိနစ် တစ်ရေချပြီးသောအခါ ဆက်လက် တိုက်နေရမည်။ ဆောမှကြည့်နေသူများ၏ ဥဘန်းကွ...မဲကလေး ကွ ဟူသော အားပေးသံများ ဆူညံနေစေ။)

ရွာခေါင်း ပေတလူ၊ ။ (သူကြီးအား တီးတိုးမေးစေ)

ကျုပ်တို့ကြက်ဝိုင်း စစ်တပ်ကများ လာဖမ်းနေဦးမှာလား သူကြီးရာ။

သူကြီး၊ ။ ပေတလူ့နှယ် ပူတတ်ရန်ကောကွာ...ဗိုလ်လေး လက် ကောက်ကို ငါပြောထားပြီးပါကွ။ သူသောက်ချင်တယ်ဆိုလို့ မိကြွေတို့ တဲကတောင် အရက် ၂ ပုလင်း ဆွဲပေးခဲ့ရသေးတာကဘဲ။

ပေတလူ၊ ။ မီးတော့ သေကောင်းပါရဲ့နော်...။

သူကြီး၊ ။ မီးသေပါတယ်ကွာ...ဒီဗိုလ်ကလေးက ငါ့လူပါ။ သူလိုချင်တာ ဘာမဆို ငါ အကုန်ရှာပေးထားတာပဲ။ စိတ်သာချနေစမ်း။

(ကြက်များ တစ်ကောင်ကို တစ်ကောင် သဲသဲမဲမဲ ခွပ်၍နေကြစေ။ ကြက်ဝိုင်းမှလူများ ကြက်နှစ်ကောင်ခွပ်သည်ကို စိတ်ဝင်စားစွာကြည့်နေကြစေ။)

mgyoe.com

mgyoe.com


ကားလိပ်ကျသွားစေ။ ။

## ပြကွင်း (၂)

ကတ္တီပါကားလိပ်ပွင့်လာစေ။ တီးဝိုင်းမှ ပြည်လှဖေ သီဆိုသော နတ်ရှင်နောင်သီချင်းကို ခပ်ငြိမ့်ငြိမ့် တီးပေးနေရမည်။

ဇာတ်စင်ပေါ်ရှိ နောက်ခံကားမှာ သောင်ကြီးရွာ ဘုန်းကြီးကျောင်းဝင်းဖြစ်ပြီး ခနိမိုး ဝါးတဲငယ်တစ်လုံးအတွင်း စာရေးစားပွဲတွင် (ဒု)တပ်ခွဲမှူး ဗိုလ်စံသာကျော် စာကုန်းရေးနေရမည်။

ဗိုလ်စံသာကျော် အညောင်းဆန့်လိုက်ပြီး သီချင်းတစ်ပုဒ်ကို ညည်းနေရမည်။

တောင်ပေါ်မှာ ပွင့်တဲ့ပန်း
ဘာပန်းရယ်လို့ ခေါ်ပါတယ်ဗျာ...
'ရွှေပန်း'ရယ်လို့ ခေါ်ပါတယ်ဗျာ...။
အပျိုနမ်းတဲ့ ပန်းစပယ်ရယ်
လူပျိုနမ်းတဲ့ ပန်းစပယ်ရယ်
အပျိုကို လူပျိုနမ်းလို့
လူပျိုကို အပျိုနမ်းလို့
ပန်းပါ၊ လူပါ မွှေးတယ်...မွှေးတယ်
လူပါ၊ ပန်းပါ မွှေးတယ်...မွှေးတယ်
အလိုဗျာ...ရွှေပန်းပါတဲ့လေး...ဟေး...။

ဗိုလ်စံသာကျော်၊ ။(တစ်ကိုယ်တည်းပြော) ဒင်းဖကလွှားလဟေ။ အိုက်တာကလည်း လွန်ရောပါလားကွဲ့။ ဒီအစီရင်ခံစာ ဘယ်တော့များမှ ပြီးပါမလဲဟေ...။

ထိုအတွင်း ဇာတ်စင်တစ်ဖက်မှ ရဲဘော်တစ်ဦးဝင်လာပြီး အလေးပြုစေ။

ဗိုလ်စံသာကျော်၊ ။ ဟေး...ဘာလဲကွဲ့ ညိုလုံး။

ရဲဘော်၊ ။(သတိ အနေအထားနှင့် ပြော)အပြင်ဖက်မှာ နံပါတ်(၂)တပ်စုက တပ်စိတ်မှူး ဆာဂျင်ဖိုးကောင်း စောင့်နေပါတယ်။

ဗိုလ်စံသာကျော်၊ ။ ခေါ်လာခဲ့လေ။

mgyoe.com

mgyoe.com


ရဲဘော် ပြန်ထွက်သွားပြီး ဆာဂျင် ဖိုးကောင်း ဝင်လာကာ အလေးပြုစေ။

ဗိုလ်စံသာကျော်၊ ။ ဆိုစမ်းပါဦး၊ ဘာကိစ္စပေါ်ပြန်သတုန်းဟ။

ဆာဂျင် ဖိုးကောင်း၊ ။ ရွာ့အရှေ့ဖက် ဥယျာဉ်ထဲမှာ ကြက်ပွဲဖြစ် နေပါတယ် ဗိုလ်ကြီး။ ကြေးကြီးလောင်းနေပါတယ်။ ဒီအထဲမှာ ကျွန်တော် တို့ဆီက ရဲဘော်တွေလည်း ပါနေပါတယ်။ ကစားဝိုင်းတွေ့ရင် သတင်းပို့ ရမယ်ဆိုလို့ လာပြီးသတင်းပို့ပါတယ်။

ဗိုလ်စံသာကျော်၊ ။ ဟေ...ကင်းဂတ်က (ရဲ)တွေကကော... မသိဘူးလား...။

ဆာဂျင်ဖိုးကောင်း၊ ။ ကင်းအုပ်က ခရီးထွက်သွားသတဲ့ ဗိုလ်ကြီး။ ကျန်တဲ့ ရဲသားတွေကလည်း ကြက်ဝိုင်းထဲမှာ ရဲဘော်တွေပါနေလို့ မဖမ်းရဲဘူးတဲ့။

ဗိုလ်စံသာကျော်၊ ။ ဟေ... ရဲဘော်တွေပါ ပါနေသတဲ့လား။ ကဲ... ဆာဂျင် ဖိုးကောင်း မင်းတပ်စိတ်က ရဲဘော်တွေနဲ့ သွားပြီးဖမ်းခဲ့။ အကုန်လုံး ဒီကို ခေါ်ခဲ့ကွာ။ သွား...သွား...။

ဆာဂျင် ဖိုးကောင်း ထွက်သွားစေ။ ဗိုလ်စံသာကျော်သည် အစီရင်ခံစာကို ဆက်ရေးနေစေ။

ကားလိပ်ကျသွား။ ။

## ပြကွင်း (၃)

ကားလိပ်ပွင့်လာစေ။

နောက်ခံကားမှာ ဥယျာဉ် ခြံကား ဖြစ်စေရမည်။ ကြက်ပွဲကစားသူများ ဝိုင်းအုံပြီး ခွပ်နေသော ကြက်နှစ်ကောင်ကို အာရုံစူးစိုက်နေစေ။

ဇာတ်စင် တစ်ဖက်တစ်ချက်စီမှ ဆာဂျင် ဖိုးကောင်းနှင့် ရဲဘော်များ လူစုခွဲပြီး ဝင်လာစေ။ ကြက်ဝိုင်း ဘရုတ်ဘယက် ဖြစ်သွားစေ။

ဆာဂျင် ဖိုးကောင်း၊ ။ ငြိမ်ငြိမ်ထိုင်နေကြပါ၊ ငြိမ်ငြိမ်ထိုင်နေကြပါ။

သူကြီး၊ ။ (ဆာဂျင်ဖိုးကောင်း အနားသို့ တိုးလာ၍)

တိုက်ပွဲက ပြန်လာသလားဗျ...ဗိုလ်ကလေး။

ဆာဂျင် ဖိုးကောင်း၊ ။ ဘယ်တိုက်ပွဲကမှ လာတာမှုတ်ဖူး။ ခင်ဗျား

mgyoe.com

mgyoe.com


တို့ ကြက်ပွဲကို ဗိုလ်ကြီး အမိန့်အရ ကျွန်တော်ဖမ်းပါတယ်။ တစ်ယောက်မှ ထွက်မပြေးကြပါနဲ့။ ကဲ...သူကြီး ဟိုကြက်နှစ်ကောင်နဲ့ ကစားတဲ့ ငွေတွေကို ရေတွက်ပြီး ကျွန်တော့် အပ်ဗျာ။

သူကြီး၊ ။ အပ်ပါ့မယ်...အပ်ပါ့မယ်။

သူကြီးက ရွာသားတစ်ယောက်အား တိုးတိုးပြောရာ ရွာသားထွက်သွားစေ။

(ငွေများကို ရေတွက်၍အပ်စေ) ဒီမှာ ဗိုလ်လေး၊ လက်ရင်းကြေးက တစ်ထောင်၊ လက်ဖျားကြေးတွေ စုရသမျှဖြင့် နှစ်ထောင့်သုံးရာခုနစ်ဆယ့်တစ်ကျပ်ပဲ ရပါတယ်။

ဆာဂျင် ဖိုးကောင်း၊ ။ ဟိုလူက ဘယ်ထွက်သွားတာလဲဗျ။

သူကြီး၊ ။ စာရင်းမှတ်ဖို့ ဘုတ်အုပ်ကလေး အယူခိုင်းလိုက်တာပါခင်ဗျာ။

ဆာဂျင်ဖိုးကောင်းက ငွေများကို တရွက်ချင်း ရေတွက်ပြီး လက်ခံစေ။ ကြက်နှစ်ကောင်ကို ရဲဘော်များက ယူ၍ သိမ်းထားရမည်။

ဆာဂျင်ဖိုးကောင်း၊ ။ကဲ...သူကြီးမင်း၊ သူကြီးမင်း လူတွေစုပြီး ဗိုလ်ကြီးဆီ သွားကြရအောင်။ လမ်းမှာ ထွက်မပြေးပါစေနဲ့ဗျာ..။

ကဲ...ရှေ့က စုသွားကြဗျာ။

သူကြီးနှင့် ကြက်ပွဲကြည့်သမားများ ဇာတ်စင်တစ်ဖက်ဆီသို့ ဝင်သွားလုဆဲဆဲ ဇာတ်စင်၏ အခြားတစ်ဖက်မှ 'ဆာဂျင်လက်ကောက်'နှင့် နောက်ပါရဲဘော်လေး ငါးယောက် ထွက်လာစေရမည်။ အနည်းငယ်လည်း မူးနေစေရမည်။

ဆာဂျင်လက်ကောက်၊ ။ ဟော့...ဖိုးကောင်း၊ ဘာလုပ်တာလဲကွ။

ဆာဂျင်ဖိုးကောင်း၊ ။ (လှည့်ကြည့်၍)ဟာ...ရဲဘော် လက်ကောက်ပါလားဟေ့...။ ဗိုလ်ကြီးက အဖမ်းခိုင်းတာနဲ့ လာဖမ်းတာကွာ...ရဲဘော်လာပါ။ ဒို့ကို ကူညီပါဦးဟ...။

ဆာဂျင်လက်ကောက်၊ ။ ဟော့ကောင်...မင့်း ဗိုလ်ကြီးသော...၊ ဗိုလ်ရိုးသော ငါက သောက်ဂရုစိုက်တာမှတ်ဖူး။ ဒီဝိုင်းဟာ ငါ့ဆီက အမိန့်တောင်းပြီး လုပ်တာကွ။ အခု လွှတ်ပစ်လိုက်။

mgyoe.com

mgyoe.com

ဆာဂျင်ဖိုးကောင်း၊ ။ (ရယ်လျက်ပြော) မကူညီချင်နေစမ်းပါ ရဲဘော်ရာ...ကဲ...သူကြီးမင်း...သွားကြဗျို့။

ဆာဂျင်လက်ကောက်၊ ။ (သေနတ်ကို မောင်းတင်၍ပြော) အံမာ... ငါ့ကို မင်းက မထူးတပ်သားများ အောက်မေ့နေသလားကွ။ ဟော့ကောင်... မလွှတ်ဘူးလား။ ကဲ...လာရော့ကွာ...

(သေနတ်နှင့် လှမ်းပစ်စေ။ ကျည်ဆန်မိုး ထောင်သွားရမည်)

ဒိုင်း...

သေနတ်သံ ထွက်လာသည်နှင့်တစ်ပြိုင်နက် လူများရှုပ်ထွေးပြီး ကစဥ့်ကရဲ ထွက်ပြေးကြစေ။ ဇာတ်စင်ပေါ်တွင် ဆာဂျင်လက်ကောက်နှင့် သူ၏ ရဲဘော်များသာ ဒယီးဒယိုင်နှင့် မူး၍ လမ်းလျှောက်ရင်း ကျန်ရစ်နေ စေရမည်။

ဆာဂျင်လက်ကောက်၊ ။ (ပရိသတ်ကို ကြည့်ပြော) စစ်ထဲလိုက်လာ တာ တိုင်းပြည်ချစ်လို့မှ မှုတ်ဘဲ။ ဘောင်းဘီဝတ်ချင်လို့ လိုက်လာတာ။ ဘူ့ ဂရုစိုက်ရမှာလဲ၊ ဟင်...ဟင်...အမယ်လေးဗျ...။

ဆာဂျင်လက်ကောက် ခြေမထောက်ချင်း တိုက်မိပြီး ပုံလဲကျသွားရ မည်)

ကားလိပ်ကျသွားစေ။ ။

## ပြကွင်း(၄)

ကားလိပ်ပွင့်လာစေ။

နောက်ခံကားမှာ ဘုန်းကြီးကျောင်းဝင်းအတွင်း တပ်စခန်းချထားပုံ ကား ဖြစ်ပြီး ဆာဂျင်ဖိုးကောင်းက ဗိုလ်ကြီးစံသာကျော်အား အဖြစ်အပျက် များကို ပြန်ပြောနေစေရမည်။

ဗိုလ်စံသာကျော်၊ ။ ကောင်းပါပေ့ကွာ။ ပွားချေစမ်း ဗိုလ်လဝင်း...၊ သူကြီးကိုလည်း ခေါ်ခဲ့။ ဟိုလူစုတွေပါ တစ်ယောက်မကျန် ခေါ်လာခဲ့လို့ ပြောပြ။

ပြီးတော့ ဟို...ခွေးသားလက်ကောက်ကို ခင်ဗျားကိုယ်တင် ဖမ်းလာ ခဲ့စမ်းဗျာ။

ဗိုလ်ကြီးစံသာကျော် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေစေ။ ဗိုလ်

mgyoe.com

mgyoe.com


လဝင်းနှင့် ရဲဘော်များ ဇာတ်စင်တစ်ဖက်သို့ ဝင်သွားကြစေ။ မကြာမီ အခြားတစ်ဖက်မှ သူကြီးနှင့် ကြက်သမားများဝင်လာစေ။ ထို့နောက် ဆက်လက် ဆာဂျင်လက်ကောက်နှင့် ဗိုလ်လဝင်းတို့ လူစုဝင်လာပြန်စေ။

**ဗိုလ်စံသာကျော်၊** ။(လက်ကောက်အား အနားတိုးစေလျက်ပြော) ကဲ…ဗိုလ်ချုပ်ကြီး ဗိုလ်လက်ကောက် အမိန့်ရှိပါဦး။ ခင်ဗျားက ကျုပ်တို့ကို ဗိုလ်ကြီးသော… ဗိုလ်ရီးသော…ဂရုမစိုက်ဘူးဆို။ ။

**ဆာဂျင်လက်ကောက်၊** ။ (မူးနေ သံဖြင့်) မပြောရပါဘူး ဗိုလ်ကြီး…၊ ကျွန်တော် ကိုယ့်ဆရာသမားကို လေးစားတတ်ပါတယ်။

**ဗိုလ်စံသာကျော်၊** ။ ခွေးသား…တိတ်။

မင်းက ရဲဘော်အချင်းချင်းကို ညီရင်း အစ်ကိုလို သဘောမထားဘဲ သေနတ်နဲ့ ဖိုးကောင်းကို ပစ်တယ်။ တပ်မတော်ရဲ့ ကျင့်ဝတ်တရားကို ချိုးဖောက်ပြီး အရက်သောက်တယ်။ အထက်ဗိုလ်တွေရဲ့ အမိန့်ကို ဖောက်ဖျက်တယ်။ ပြည်သူလူထု လမ်းမှားကို ပြုကျင့်နေရင်တောင်မှ လမ်းမှန်ကိုရောက်အောင် ပြုပြင်ပေးရမယ့်အစား မင်းက ကြက်ပွဲ အလုပ် ဲင်းတယ်။ မင်းလိုကောင်မျိုးဟာ ဒို့တပ်မတော်ရဲ့တံဆိပ်နဲ့ မတန်ဘူး။ ခွေးသား…သိရဲ့လား ဟင်…။

**ဆာဂျင်လက်ကောက်၊** ။ သူကြီးက လုပ်ချင်လှချေရဲ့ဆိုလို့ပါ ဗိုလ်ကြီး။

**ဗိုလ်စံသာကျော်၊** ။(လက်ကောက်အား ခြေထောက်နှင့် ပိတ်ကန်စေ)

သူကြီးက အရက်တိုက်တာနဲ့ မင်းက "လုပ်ကြ"ဆိုတာပေါ့။ ဗိုလ်လဝင်း၊ ဒီခွေးသား အကျင့်ပျက်ကို ယူနီဖောင်းချွတ် ကွာဟားထဲ ပို့ထားလိုက်စမ်းဗျာ…။

ဗိုလ်လဝင်းက လက်ကောက်နှင့် သူ၏ရဲဘော်များကို ခေါ်သွားစေ။

ဗိုလ်စံသာကျော် ဆက်ပြီးပြောစေ။

အင်း…ကောင်းကြပါဂေရဲ့ဗျား…။ ဒီမှာ သူကြီးမင်း ခင်ဗျားတို့ကို အခေါ်ခိုင်းတုန်းကတော့ တန်း၎် ပြီး ပါးကို ပိတ်ရိုက်ပစ်မယ်လို့ အခေါ်ခိုင်းတာပဲ ကြည့်စမ်း အခု…

သူကြီးနှင့်တကွ ကြက်သမားတစ်စုကို လက်ညှိုးထိုးပြော။

mgyoe.com

mgyoe.com


အသက်အရွယ်တွေကြည့်စမ်း။ အားလုံး (၃၀)အထက် (၄၀)ကျော် (၅၀)ကျော်ကြီးတွေချည်းပဲ။ ကျုပ်အဘ အရွယ်တွေချည်းပဲ။ ဒီအရွယ်တွေနဲ့ ဒီလိုလုပ်ကြသတဲ့ဗျာ...ထွီ...။

သူကြီးဆိုတာ ရပ်ရွာကို အုပ်ချုပ်ဖို့ အာဏာပေးထားတာ၊ ရွာသား တွေ အကျင့်ပျက်ရင် သူကြီးက ထိန်းသိမ်းရတယ်။ အခုသူကြီးကိုယ်တိုင် က စပြီးအကျင့်ပျက်နေတယ်။ ဘယ်တော့ ဒီကျေးရွာကောင်းဦးမလဲ။

ခင်ဗျားတို့ ညစ်စုတ်တာတွေ ရှိသေးတယ်။ ရဲဘော်တွေဟာ ပြည်သူ တွေကို စောင့်ရှောက်ဖို့ထားတာ။ ရဲဘော်တွေ အကျင့်သိက္ခာ ပျက်ပြားရင် တောင်မှ ခင်ဗျားတို့ ပြည်သူတွေက ထိန်းသိမ်း ဖေးမ, ပေးရမှာ။ ခုတော့ သူ့ ဘာသာသူနေပါတဲ့အလုပ်ကို ခင်ဗျားတို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် မျှော်ပြီး ရဲဘော်တွေကို 'ခုတုံး'လုပ်ပစ်တယ်။ ဖျက်ဆီးပစ်တယ်။ ဒါ...ကောင်းသလားဗျ...။

သူကြီး၊ ၊ သူက သောက်ချင်တယ်ဆိုလို့ပါ။

ဗိုလ်စံသာကျော်၊ ၊ တိတ်စမ်းဗျာ၊ ရဲဘော်တွေက သောက်ချင် တောင် ခင်ဗျားတို့က မရှိပါဘူး။ ရဲဘော်ဆိုတာ တိုင်းပြည်က ကြည်ညို နေတာ မသောက်ပါနဲ့၊ ဘာနဲ့...ဖျောင်းဖျရမယ် မဟုတ်လား။ ခင်ဗျားဥစ္စာ က "ငါ့အနားမတိုးနဲ့ ထိုးသာချလိုက် ဒကာမလေး..."ဆိုတာမျိုးပဲ။

ကျုပ် သတိပေးလိုက်မယ်။ ရဲဘော်တွေကို ခင်မင်ချင်ယောင် ဆောင်ပြီးပေါင်း။ ပြီးတော့ ကိုယ်ကျိုးစီးပွားအတွက် 'ခုတုံး'လုပ် တန်ဆာခံ ခိုင်းတာမျိုးတွေ၊ လက်ကိုင်တုတ် လုပ်တာမျိုးတွေကို နောက်တွေ့ရရင် ကျုပ် သည်းညည်းမခံဘူး မှတ်ထား...။

ခင်ဗျားတို့ ပေးတဲ့ အခွန်တော်ငွေကို စားနေတဲ့ ကျုပ်တို့ရဲဘော်တွေ ကို ဖျက်ဆီးခဲ့ရင်၊ ခင်ဗျားတို့ ကိုယ်ကို ခင်ဗျားတို့ဘာသာ ဖျက်ဆီးတာပဲ...။

ခုလုပ်ပုံက ခင်ဗျားကိုယ်က ကျုပ်တို့ရဲဘော်တွေကို ဖဲသုံးချပ် လိမ် သလိုပဲ။ မျက်စေ့မှားစားမယ်...ဆိုပြီး ပေါင်းနေတာ။ တပ်မတော်ကြီးကို တကယ်လေးစားတယ်ဆိုရင် တိုင်းပြည်ငြိမ်းချမ်းရေးကို တကယ်လိုချင်ရင်... ခင်ဗျားတို့ရဲ့ဝါဒကို ပြောင်းပစ်ကြရမှာပဲ...။

"မျက်စိမှား...စားမယ်'ဆိုတဲ့ဝါဒကို ပြောင်းပစ်ကြရမှာပဲ။ ဘယ်နှယ့်

mgyoe.com

mgyoe.com


လဲဗျို့...။

သူကြီးနှင့်ရွာသားများ၊ ၊ ပြောင်းပစ်ပါ့မယ် ဗိုလ်ကြီး။ ဒီဝါဒဆိုးကိုမှ လက်ခံထားသေးရင် ကိုယ့်ပွေးကိုယ်ရိုက်ထုသလို နေမှာပေါ့။ စိတ်သာချ ဝါဒပြောင်းပါ့မယ်...။

(ရွာသားများ၏ ရယ်မောသံနှင့်လက်ခုပ်သံများ ပေါ်လာရမည်။)

တီးဝိုင်းမှ 'ဗမာ့နိုင်ငံဂုဏ်ကို ကယ်တင်ခဲ့သူ...အောင်ဆန်းနော်' ဟူသော စစ်ချီသီချင်းကို တီးပေး။

ကားလိပ်ကျသွားစေ...။ ။

၁၉၅၄ ခုနှစ်၊ ဩဂုတ်လ၊ မြဝတီမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# လက်တွေ့ဗေဒင်ဆြာ

တက္ကသိုလ်နန္ဒမိတ်

(၁)

ဗေဒင်ဆရာ ဆရာပုသည် စောစောစီးစီး အိမ်ထဲသို့ ခေါင်းငိုက်စိုက်ချ၍ ဝင်လာလေသည်။

ခါတိုင်း ညနေဘက်ဆိုလျှင် လမ်းမပေါ်မှနေ၍ "မယ်ဥရေ...မယ်ဥရေ" ဟု တကြော်ကြော် ခေါ်ရင်း ပြုံးပြုံးရွှင်ရွှင် အိမ်ထဲသို့ဝင်လာနေကျဖြစ်သော်လည်း၊ ယနေ့မူ ထူးခြားလှသဖြင့် ဗေဒင်ဆရာကတော် ဒေါ်ဥပင် ရုတ်တရက် စကားမပြောနိုင်သေးဘဲ လင်တော်မောင် ဗေဒင်ဆရာကြီး ဆရာပုကို အကြောင်သား ငေး၍ ကြည့်နေမိသည်။

"ကိုပု...ရှင် ဒီနေ့ ဘာဖြစ်လာတာလဲ...ဟင်"

အတန်ကြာမှ ဗေဒင်ဆရာကတော် ဒေါ်ဥက လင်တော်မောင်အား ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း မေးမြန်းလိုက်၏။

ဗေဒင်ဆရာကြီး ဆရာပုသည် ဗေဒင်ဆရာကတော် ဒေါ်ဥ၏အမေးကို ချက်ချင်း အဖြေမပေးသေးပဲ ပခုံးမှ လွယ်အိတ်ကို အိမ်ရှေ့ခန်းရှိ နံရံပေါ်မှ အင်္ကျီချိတ်တွင် ပထမချိတ်ထားလိုက်၏။ ပြီးလျှင် သူဝတ်ဆင်ထားသော ဖော်ဂျီ ဝတ်စုံကို တစ်ခုပြီးတစ်ခု ချွတ်နေလေသည်။

"ကိုပု...ရှင် ဘာဖြစ်လာတာလဲ ပြောစမ်းပါဦး"

mgyoe.com

mgyoe.com


ဗေဒင်ဆရာကတော် ဒေါ်ဥက သူ့လင်တော်မောင်ထံမှ ချက်ချင်း စကားပြန်ဖော်မရ၍၊ စိတ်ဆိုးရမလို စိုးရိမ်ကြောက်လန့်ရတော့မလို ဖြစ်နေလေသည်။

ဗေဒင်ဆရာကြီး ဆရာပုမှာ နာမည်နှင့် လူမမွှာသောက ဖြစ်နေသည်မှာ "မာတာမိခင် ဖွားသန့်စင်၍ ခေါ်တွင်စရာ မည်သညာကား"စသည်ဖြင့် ဇာတာဖွဲ့ကင်ပွန်းတပ်ပြီးသည့်နေ့မှ အစဖြစ်၏။ နာမည်မှာ ဆရာပုပင်ဖြစ်သော်လည်း လူမှာ ခြောက်ပေနီးပါးခန့် ရှည်၏။ ဗေဒင်ဟောရန် အိမ်မှထွက်သွားသည့်အခါတိုင်း အသားကပ် ဘောင်းဘီရှည် အနီ၊ ရုပ်အင်္ကျီအနီနှင့်ဒူးဆစ်အထိရောက်သော အနီရောင်ကုတ်အင်္ကျီကို ဝတ်ဆင်၍ သွားတတ်၏။

ထို့ကြောင့် ခြောက်ပေနီးပါးရှိသော သူ့အရပ်ကြီးတွင် အဆိုပါ ဇော်ဂျီဝတ်စုံကို ဝတ်လိုက်သောအခါ၌ မည်ကဲ့သို့ကြည့်၍မျှ မဟပ်မိအောင် ဖြစ်နေတတ်၏။ ဤအထဲတွင် လူကလည်း နံပိန်ဖြစ်ရုံမက မေးစေ့မှ မုတ်ဆိတ်ကလည်း လေလာတိုင်း တယမ်းယမ်း တလှုပ်လှုပ် ဖြစ်နေသဖြင့် သူ့ကိုကြည့်ရသည်မှာ ဝါးလုံးတိုင်ထိပ်တွင် ထဘီစုတ်ကို လွှင့်ထားသလို ဖြစ်နေလေသည်။

"ဟင်...ကိုပု...ကျုပ် မေးနေတာ မကြားဘူးလား"

အသားကပ် ဘောင်းဘီရှည်အနီကို ချွတ်လက်စတန်းလန်း ရှိနေသော ဗေဒင်ဆရာကြီး ဆရာပုအား ဗေဒင်ဆရာကတော် ဒေါ်ဥက တတိယမိ မေးမြန်းလိုက်သောအခါ၌ ဆရာပုသည် ဘာမပြော ညာမပြောနှင့် သူ့ပါးတစ်ဖက်ကို လက်ညှိုးနှင့် နာနာထိုး၍ ပြလိုက်၏။ ဤတွင် စိတ်မရှည်တော့ပြီဖြစ်သော ဒေါ်ဥက...

"ပြောစမ်းပါဦး ကိုပုရဲ့၊ ရှင့်မလဲ စကားမပြောနိုင်လောက်အောင် ဘာများဖြစ်နေရတာလဲ။ ဒီမှာဖြင့် ထိတ်ရမလိုလို လန့်ရမလိုလို..."

"ထိတ်စရာ၊ လန့်စရာတော့ မဟုတ်ဘူးဟဲ့...။ ရှက်တော့ရှက်စရာဘဲ"

"ဘယ်လိုများ ဖြစ်လာတာလဲ ကိုပုရယ်..."

"အေး–အေး...ငါပြောပြမယ်...ထိုင်...ထိုင် ဟောဒီမှာထိုင်..."

ဆရာပုက ပြောပြောဆိုဆို ဗေဒင်ဆရာကတော် ဒေါ်ဥအား ကွပ်ပျစ်ပေါ်တွင် အထိုင်ခိုင်းလိုက်ကာ သူပါ ဒေါ်ဥနှင့်ကပ်၍ ထိုင်ချလိုက်၏။

mgyoe.com

mgyoe.com

"ဒီနေ့က ပြဿဒါး မလွတ်ပါဘူး မယ်ဥရာ..."

ဗေဒင်ဆရာကြီး ဆရာပုက သူ့ပါးတစ်ဖက်ကို လက်ဝါးနှင့်ပွတ်ရင်း ပဏာမ ပျိုးလေသည်။

"နို့ ဒီနေ့ ရက်ရာဇာ မှတ်လား...ဟောဟိုပြက္ခဒိန်ထဲမှာတောင် ထည့်ရေးထားတယ်"

"အေး...ရက်ရာဇာတော့...ရက်ရာဇာပေါ့ကွာ... ဒါပေမဲ့ ငါ့အတွက် ပြဿဒါးမလွတ်ဖူး။"

"ရှင်ကလည်းတော်...တောက်တီးတောက်တဲ့....၊ ရက်ရာဇာမှာ ပြဿဒါး မလွတ်ဖူး ဆိုတာ...ဗေဒင်ဆရာကြီး တစ်ယောက်လုပ်နေပြီး တော့..."

"အေးဟယ်...ဒါတွေထားလိုက်ပါဦး...။ ငါပြောမယ့်ဟာသာ နားထောင်စမ်းပါဦး..."

"အင်း...အင်း...ဒါဖြင့်လည်း ပြောမယ့်ဟာ ပြောပေါ့..."

ဗေဒင်ဆရာကြီး ဆရာပုသည် ဗေဒင်ဆရာကတော် ဒေါ်ဥလက်မှ ဆေးပေါ့လိပ်ကို ယူ၍ သုံးလေးဖွာမျှ ဆက်ဖွာလိုက်၏။ ပြီးမှ သူ့ဇာတ်လမ်းကို စလေသည်။

"ငါဒီနေ့ မနက် အိမ်ကထွက်တော့ သိပ်မျက်ခုန်းလှုပ်တယ်။ ဒါနဲ့ တစ်လမ်းလုံး သမ္ဗုဒ္ဓေဂါထာရွတ်သွားတာပဲ။ ငါခါတိုင်း ဗေဒင်ဟောနေကျ စပတ်လမ်းနဲ့ ဂျူဒါအီစကယ်လမ်းကြား ပလက်ဖောင်းပေါ်ရောက်တော့ ခါတိုင်းလိုပဲ အတွင်းဝန်ရုံးသံဝင်းပေါ်မှာ ငါ့ဆိုင်းဘုတ်တင်၊ ပလက်ဖောင်းပေါ်မှာ မြက်ဖျာကလေးခင်း လုပ်နေတုန်း လူတစ်ယောက် ဗေဒင်မေးဖို့ ရောက်လာတယ်..."

"အင်း..."

"ဒီတော့ ငါကလည်း သိပ်ဝမ်းသာ သွားတာပေါ့။ ဒီလူက ဗေဒင်မမေးခင် ဝင်းထရံမှာချိတ်ထားတဲ့ ငါ့ဆိုင်းဘုတ်ကို သေသေချာချာ ဖတ်ကြည့်လိုက်သေးတယ်။ ငါ့ဆိုင်းဘုတ်မှာ လက်တွေဗေဒင်ဆရာ၊ ဥစ္စာပျောက် ပစ္စည်းပျောက်၊ ရာထူးတိုး၊ မတိုး၊ အကြံအစည်အောင်၊ မအောင် လက်တွေ့ ဟောတယ်လို့ ရေးထားတာကို ခပ်ကျယ်ကျယ်ကလေး ဖတ်လိုက်သေးတယ်

mgyoe.com


မယ်ဥရဲ့။ လူကြည့်ရတာကတော့ ရုပ်ရေခပ်သန့်သန့်ပဲ။ ဘန်ကော့က်လုံချည်နဲ့ ပိုးအင်္ကျီအနက်နဲ့။ ဒီတော့ ငါကလည်း ဈေးဦးဈေးဖျား လာဘ်တိုးပြီဆိုပြီး ဗေဒင်ဟောမလို့ ကျောက်သင်ပုန်း ကောက်ကိုင်လိုက်တာကိုး..."

"အင်း..."

"ဒီတော့ ဒီလူက သူ့မှာပစ္စည်းတစ်ခုပျောက်သွားတယ်။ မှန်မှန်ဟောစမ်းပါလို့ ပြောတယ်...။ ကျုပ်ကလည်း ခါတိုင်းလို ကျုပ်ဗေဒင်ဘယ်လောက်မှန်တဲ့အကြောင်းပြောတာပေါ့။ ဒီတော့ သူကလည်း ဗေဒင်မေးခငွေတစ်ကျပ် ကျုပ်ရှေ့မှာ ချထားလိုက်တယ်။ ကျုပ်ကလည်း ခုတွေ့၊ ရက်တွေမေးပြီး ဘာပစ္စည်းပျောက်တယ်ဆိုတာ မေးရတာပေါ့၊ သူက ဘာပစ္စည်းပျောက်တယ်လို့ပြောသလဲသိလား...။ သူ့ညှပ်ဖိနပ်ပျောက်သွားသတဲ့..."

"ဒီလူကလည်း ကြံကြံဖန်ဖန်တော်...ညှပ်ဖိနပ်ပျောက်တာများ ဗေဒင်လာမေးရသေးတယ်..."

"အေး...အေး...နားထောင် ငါပြောပြမယ်။ သူက ဒီလိုပြောလိုက်တော့မှ သူ့ခြေထောက်ကို ငုံ့ကြည့်မိတယ်။ ကြည့်စမ်းပါဦး ဂြိုဟ်မွှေချင်တော့ ဖိနပ်ပါမလာတာကို သူလာစကတည်းက သတိမထားမိဘူး..."

"အင်း...ပြောစမ်းပါဦးတော် မြန်မြန်..."

"အေးလကွယ်...ပြောမှာပေါ့..."

ဗေဒင်ဆရာကြီး ဆရာပုသည် သူ့ပါးကိုသူ လက်ဝါးနှင့်ပွတ်၍ နေမိပြန်လေသည်။

"ကျုပ်က ကျောက်သင်ပုန်းပေါ်မှာ ဟိုတွက်၊ ဒီတွက်သာ တွက်ရတယ်။ ကိုယ့်ဟာကိုယ် စိတ်မလုံဘူး။ ဒီလူ့ဆီကလည်း အရက်နံ့လိုလို ရေမွှေးနံ့လိုလိုရတယ်ကွဲ့...။ ကျုပ်ကလည်း ဈေးဦးဈေးဖျား မရှောင်ကောင်းဆိုတဲ့ သဘောနဲ့ တတ်သမျှမှတ်သမျှ တွက်ချက်ကြည့်တာပဲ။ ဒီလိုတွက်နေတုန်း ဒီလူက မြန်မြန်ဟောစမ်းပါဆရာကြီးရယ်။ သွားစရာကိစ္စ ရှိသေးလို့ပါလို့ ပြောတာနဲ့ ကျုပ်ကလည်း ဒီလူဟာ မေ့တတ်၊ ရော့တတ်တဲ့ လူတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ အိမ်က ဖိနပ်စီးလာသလား၊ မလာဘူးလားဆိုတာ သတိမရပဲနဲ့ ဒီရောက်တော့မှ ဖိနပ် ပျောက်တယ်ထင်ပြီး ဗေဒင်လာမေးတာ ဖြစ်ရမယ်လို့ စိတ်ကူးရပြီး မောင်ရင့်ဖိနပ် မောင်ရင်နေတဲ့အိမ်

mgyoe.com

mgyoe.com
မှာပဲ ရှိတယ်လို့ ခပ်တည်တည် ကြိတ်လိုက်တာပေါ့လကွယ်...။

"အင်း...အင်း...ဆိုစမ်းပါဦး..."

"ဒီလို ဟောလိုက်တော့ ဒီလူက ဘာလုပ်သလဲ သိလား...။ ထိုင်ရာက ဖြုန်းကနဲထလိုက်ပြီး သူ့ကျောဘက် ခါးကြားထဲမှာ ညှပ်ထားတဲ့ဖိနပ်ကို ဆွဲထုတ်ပြီး ကျုပ်ပါးကို ချပါလေရော..."

ဗေဒင်ဆရာကတော်ကြီး ဒေါ်ဥသည် တစ်ချက်မျှ ငိုင်ကျသွားလေသည်။

"သယ်...ဒီကောင်က မိမဆုံးမ၊ ဖမဆုံးမ ဖအေတစ်ရာနဲ့ရတဲ့ ခွေးသား..."

ဒေါ်ဥ၏ စကားမဆုံးမီ ဗေဒင်ဆရာကြီး ဆရာပုက ဆက်မပြောရန် လက်ကာ၍ ပြလိုက်၏။

"ဘာလဲရှင်က ဒီလိုမိမဆုံးမ ဖမဆုံးမ အကောင်မျိုးတွေ စော်ကားတာ ခံနေရသလား...။ ကျုပ်သာ ယောကျ်ားဆိုရင်..."

"မယ်ဥရယ်...နင်ကလည်း ဒေါသကြီးလှချည်ရဲ့။ ခံမနေလို့ ဘယ့်နှယ်လုပ်မလဲ။ အရင်တုန်းကစိတ်၊ အရင်တုန်းကကိုယ်ဆိုရင် ဒီကောင် ဒီနေရာတင် ကိစ္စတုံးသွားမှာပေါ့..."

"အရင်တုန်းကလို မဟုတ်ပေမဲ့ တတ်နိုင်သလောက်တော့ ပြန်လုပ်ဦးမှပေါ့တော်...တကတဲ၊ ခုမှ တကယ့် သူတော်ကောင်းကြီး ဖြစ်နေလိုက်တာ။ ဗေဒင်ဟောတာပဲတော်...ဘယ်မှာ ဘုရားဟောသလို မှန်နိုင်ပါ့မလဲ..."

စ,မိပြီဆိုလျှင် တော်တော်နှင့်မဆုံးနိုင်သော ဗေဒင်ဆရာကတော်ကြီး၏ လေပေါက်ကို အတပ်သိနေပြီးဖြစ်သည့်ဆရာပုသည် ဆက်၍ ဟန့်မနေတော့ဘဲ နောက်ဖေးမီးဖိုချောင်သို့ဝင်ကာ ရေတစ်ခွက်ကို အားရပါးရ သောက်ပြီးနောက် တဖြည်းဖြည်းနာ၍ နာ၍လာသော ပါးတစ်ဖက်ကို ရေနွေးကျပ်ထုပ်ထိုး၍နေလေသည်။ ။

(၂)

ဗေဒင်ဆရာကြီး ဆရာပုနှင့် ဗေဒင်ဆရာကတော် ဒေါ်ဥတို့မှာ အမှန်စင်စစ်အားဖြင့် 'ဦး'ဟူ၍လည်းကောင်း၊ 'ဒေါ်'ဟူ၍လည်းကောင်း ခေါ်ဝေါ်
mgyoe.com

mgyoe.com


ရလောက်အောင် သွားကျိုး၊ ဆံဖြူသည့် ဇရာပိုင်းသို့ရောက်နေသူများ မဟုတ်ကြချေ။ သို့သော် အရပ်ထဲတွင် ဗေဒင်ဆရာကြီး၊ ဗေဒင်ဆရာကတော်ဟူသော ဂုဏ်ထူး ဝိသေသကို လက်ဖက်လည်းမပါ။ ကွမ်းလည်းမကမ်းဘဲ အနီရောင်ပိတ်စပေါ်တွင် အဖြူရောင်စာလုံးများ ရေးထားသည့် ဆိုင်းဘုတ်ကို တင်လိုက်ခါမျှဖြင့် ရယူထားကြသူများဖြစ်သဖြင့် ဝယဝုဒ္ဓိ မရှိစေကာမူ ဂုဏဝုဒ္ဓိကိုထောက်ထား၍'ဆရာပု' ဟူ၍လည်းကောင်း၊ 'ဒေါ်ဥ'ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်။

ဗေဒင်ဆရာကြီး ဆရာပုမှာ အမှန်အားဖြင့် အသက်သုံးဆယ့်ခြောက်နှစ်မျှသာ ရှိသေးသူ ဖြစ်လျက် ဒေါ်ဥမှာ ဆရာပုထက် အသက်သုံးလေးနှစ်မျှ ကြီးပုံရ၏။ သို့သော် ဒေါ်ဥမှာ နာမည်နှင့် လိုက်အောင် သူ့အမေက ရွေးလို့ဥ၍ ထားခဲ့လေသလား မပြောတတ်။ လေးဆယ်အရွယ်သို့ ချဉ်းနေသည့်တိုင် တပွေ့တပိုက် တစ်လုံးတစ်ခဲကြီး ဖြစ်နေအောင် အဆီနှင့်ရွှဲရွှဲ ချစ်စားပွဲထိုင်စရာ ကောင်းတုန်းပင် ရှိသေး၏။

ဆရာပုမှာ နာမည်သာ ပုလျက် လူက ရှည်နေသူဖြစ်၍ တစ်လုံးတစ်ခဲ အဆီရွှဲနေသည့် 'ဥဥကလေး'နှင့် ယှဉ်လျက် လျှောက်သွားသောအခါ ထန်းပင်နှင့် ဘဲဥ အနိုင်လုရ၍ အပြေးပြိုင်သလို ဖြစ်နေတတ်၏။ သို့တစေ 'ဥ'က'ပု'အပေါ်တွင် အပြစ်ဟူ၍ မြူမျှမမြင်။ အချစ်ဟူ၍သာ ထင်မှတ်ထားသူ ဖြစ်၏။ ထို့ကြောင့်လည်း 'ဥ'သည် 'ပု'ကို ဗေဒင်ဆရာကြီးဟူ၍တစ်မျိုး ပညာရှိကြီးဟူ၍တစ်ဖုံ အမျိုးစုံနေအောင် အကြိုက်ကိုပေး၍ အမြိုက်ဆေးကို ဆယ်နှစ်မျှကာလအတွင်း ဝတ္တရားမပျက် တိုက်ကျွေးခဲ့ခြင်း ဖြစ်လေသည်။

'ဥ'နေထိုင်သော ရွာကလေးသို့ လွန်ခဲ့သော ဆယ်နှစ်ကျော်အချိန်တွင် 'ပု'သည် ရောက်လာခဲ့၏။ ထိုအခါက 'ဋ'မှာ နှစ်ဆယ့်ခြောက်နှစ်မျှ ရှိသေး၏။ အရပ်ရှည်ရှည်နှင့် နံပိန်ဖြစ်သော 'ပု'ကို 'ဥ'က မုန်းစရာဟူ၍ မမြင်။ 'သနားစဖွယ် ခါးနွဲ့နွဲ့နှင့်ပြာညိုလဲ့ကို ဧည့်သည်'ဟုသာ ထင်လေသည်။

ယခုမူ 'ပု'မှာ ဗေဒင်ဆရာကြီးပင် ဖြစ်နေပေပြီ။ ပညာရှိကြီးဖြစ်နေပေပြီ။ 'ပု'သာ ယခုအခါ ပဋ္ဌင်းတက်၍ လူထွက်ခဲ့လျှင် 'လူပြန်တော်ပညာရှိ' ဟူသော ဘွဲ့ထူးတစ်ခု နောက်ထပ်တိုးရန် ရှိနေသေးသည်။ အရပ်ထဲက

mgyoe.com

အချို့သော ကာလသားများက၊ 'ပု'အား အင်္ကျီအနီ၊ ဘောင်းဘီ အနီကိုဝတ်၍ ဗေဒင်အဟော ထွက်တတ်သောကြောင့်၊ 'ဇော်ဂျီဆရာပု'ဟု ခေါ်ဝေါ်နေခြင်းမှာလည်း 'ဉ'အတွက် ဂုဏ်ယူစရာ တစ်ခုပင် မဟုတ်ပါလော။

ဤသို့လျှင် 'ဉ'သည် 'ပု'အကြောင်းကို တစိမ့်စိမ့်တွေး၍ အချစ်သွေးတက်လေ့ရှိ၏။

'ဉ'၏ အကြင်မျှ ထိုမျှ ဤမျှလောက် အရေးပေး၍ အချစ်ဆေးတိုက်ကျွေးခြင်းခံရသူ ဆရာပုကား နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်။ ဗေဒင်ကိုလည်း ဆရာမလို အလိုလို တတ်မြောက်တော်မူ၏။ လက္ခဏာကျမ်းကိုလည်း နှမ်းတစ်လုံးမှ မကျန်အောင် ရွတ်ဖတ်နိုင်၏။ သိုက်တဘောင် စနည်းအတတ်ကိုလည်း ကျွမ်းကျင်၏။ မင်္ဂလသုတ် ပါဠ်–အနက်၊ အပြင်အောင်ခြင်း ပါဠ်အနက် အတွင်းအောင်ခြင်း ပါဠ်– အနက်၊ လောကနီတိ ပါဠ်–အနက်၊ ပရိတ်ကြီးပါဠ်–အနက်၊ စကားကြီးဆယ်ခွန်းလင်္ကာ၊ ရှင်မဟာရဋ္ဌသာရဆုံးမစာ ရှင်မဟာသီလဝံသဆုံးမစာ၊ ဘိုးသူတော်၊ ဦးနုစကားပုံစသော ကျမ်းအစောင်စောင် ပေအထပ်ထပ်ကိုလည်း ကြောင် ပုဇွန်စား ကျွတ်ကျွတ်ဝါးသို့ နှုတ်တက်အာဂုံဆောင်နိုင်၏။

ထို့ကြောင့် နေ့စဉ်နေ့တိုင်း မနက် ငါးနာရီနှင့် ညနေ ခြောက်နာရီကျော် အချိန်များတွင် "သုဂတ်ကောင်းသော စကားကိုလည်း ဆိုတော်မူတတ်ထသော သုဂတ်–ကောင်းသော နိဗ္ဗာန်သို့လည်း သွားတော်မူတတ်ထသော သေဋ္ဌ–အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော၊ ကုသလံကုသလ်–ကုသိုလ် အကုသိုလ်ကို၊ ဇဟံ–စွန့်တော်မူပြီးထသော၊ အမတံ–သေခြင်းလည်း ကင်းတော်မူထသော၊ အမတံ–အမြိုက် အရသာနှင့်လည်းပြည့်စုံတော်မူပြီးထသော၊ သန္တံ–ငြိမ်သက်စွာ ထသော၊ အသမံ–အတုလည်းမရှိသော၊ အသမံ–အတုမရှိသော မင်္ဂဖိုလ်နိဗ္ဗာန်ကို၊ ဒံဒံ ပေးတော်မူတတ်ထသော၊ သရဏံ–ကိုးကွယ်ရာလည်း ဖြစ်တော်မူထသော၊ လောကံ–လောကကို၊ သရဏံ–သိတော်မူတတ်ထသော၊ အရဏံ–ကိလေသာတည်းဟူသောမြူလည်း ကင်းစင်တော်မူပြီးထသော၊ အရဏံ–ကိလေသာမြူ၏ကင်းခြင်းကို၊ ကရုံပြုတော်မူတတ်ထသော၊ အဘယံ–ဘေးလည်း မရှိထသော၊ အဘယံ–ဘေးမရှိသော၊ ဌာနံ–နိဗ္ဗာန်အရပ်သို့၊ နာယကံ–ပို့ဆောင်တော်မူတတ်

mgyoe.com

mgyoe.com


ထသော၊ နယကံ လူသုံးဦးတို့၏ အမှူးဖြစ်သော မြတ်စွာဘုရားကို...၊ အဟံ– အကျွန်ုပ်သည်၊ နမေနမာမိ–ရှိခိုးပါ၏ အရှင်ဘုရား..."ဟူသော နမက္ကာရ ဘုရားရှိခိုး အစပုဒ်ကို အသံနေ အသံထားဖြင့် ခပ်ကျယ်ကျယ် ရွတ်ရင်း ကြေးစည်တနောင်နောင်ထုကာ ဘုရားရှိခိုးနေသံကို ကြားရတတ်လျက်၊ ည ကိုးနာရီ။ ဆယ်နာရီ အိပ်ရာဝင်ချိန်တွင်မူကား၊ လောကနီတိမှ ဣတ္ထိကဏ္ဍ နံပါတ် ၁၀၆ ကို တစ်ပိုင်းတစ်စ မတိုးမကျယ် ရွတ်ဖတ်သရဇ္ဈာယ်တတ်၏။

"ယာနာရီ–အကြင်မိန်းမသည်၊ ဘုတ္တေသုစ–စားသောအရာ၌ လည်းကောင်း၊ မဏ္ဍေသုစ–အဝတ်တန်ဆာ ဆင်ယင်သောအရာ၌လည်း ကောင်း၊ ဇနိဝ–အမိကဲ့သို့၊ ကန္တိနံ့နှစ်သက်ဖွယ် ပြုပြင်တတ်၏။ ဂုယှေသု– လျှို့ဝှက်အပ်ကုန်သော၊ ဌာနေသု–မကျစ်မလစ်သောအရာတို့၌၊ ဘဂိနီဝ– နှစ်မကဲ့သို့၊ ဟိရီ–လွန်စွာ ရှက်တတ်၏။ ပတ္တေသု–အခါရောက်ကုန်သော၊ ကမ္မေသု–အမှုတို့၌၊ ဒါသီဣဝ–ကျွန်မကဲ့သို့၊ ကရောတိ–ရိုသေစွာ ပြုတတ် ၏။ ဘယေသု–ဘေးရှိသောအခါတို့၌၊ မန္တီ–တိုင်ပင်ဘက်ရ၏။ သယနေသု–အိပ်သောအခါတို့၌၊ ရမတိ–မွေ့လျော်စေတတ်၏"စသည်ဖြင့် ပါဠိနှင့်အနက်ကို တွဲ၍ ရွတ်ဆိုရာတွင် ဗေဒင်ဆရာကြီး သုခမိန် ဆရာပု သည် အခြားအပုဒ်များကို တစ်ခေါက်လောက်သာရွတ်၍ 'ပတ္တေသု'အပိုဒ် သို့ရောက်သောအခါ၌မူကား အကြိမ်ကြိမ်အဖန်ဖန်ပြန်၍ ပြန်၍ရွတ်လေ့ရှိ ၏။ "ကရောတိ–ရိုသေစွာ ပြုတတ်၏"ဆိုသောအပိုဒ်ကိုလည်း ပညာရှိ သုခမိန်ပီပီ၊ 'ကရောတိ–သဘောရှိ ပြုတတ်၏'ဟူ၍ အနက်ပြန်လေ့ရှိ၏။

ရံဖန်ရံခါ အလှူအိမ်၊ မသာအိမ်များ၌ ဆရာပုတို့လို ပညာရှိများ ဆုံမိကြသောအခါ၊ ဆရာပုသည် ဘုရားအကြောင်း၊ တရားအကြောင်းထက် သိုက်အကြောင်း၊ တဘောင်အကြောင်းကို အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောပြလေ့ ရှိ၏။ ဘုရားသိုက်၊ သိကြားသိုက်၊ ငမန်ကန်းသိုက်၊ ဂဝံပတော့သိုက်၊ စကြာ သိုက်၊ နတ်စက်ရောင်သိုက်၊ ဇာဂရသိုက်၊ လောကုတ္တရာ ဆရာတော်သိုက်၊ မုဆိုးသိုက်ပါမက၊ ဣတ္ထိယ သိုက်အကြောင်းပါ တစ်ခါ တစ်ခါပါ၍ လာ တတ်လေသည်။

သို့သော် ဆရာပုနေထိုင်သော ရပ်ကွက်ရှိ လူထုပရိသတ်အဖို့ ကံ ဆိုးခြင်းတစ်ရပ်ကား၊ ဗေဒင်ဆရာသုခမိန်ဆရာပုကို အမြဲတစေ ဆည်းကပ်

mgyoe.com

mgyoe.com

ခွင့် မရနိုင်ခြင်းပင် ဖြစ်၏။

ဆရာပုသည် ရန်ကုန်တွင် အမြဲတစေနေသည်ဟူ၍ မရှိဘဲ နယ်တကာ့နယ်၊ မြို့တကာ့မြို့သို့ ဆရာကတော်ဒေါ်ဥနှင့်အတူ လှည့်လည်သွားလာကာ ဗေဒင်ဟောခြင်း၊ သိုက်တူးခြင်း အလုပ်များကို အခွင့်သင့်သလို လုပ်ကိုင်သွားလေ့ရှိ၏။ ဆရာပုတို့ လင်မယား ၂ ယောက် ရန်ကုန်တွင် နေသည်မှာ တစ်နှစ်လျှင် ခြောက်လခန့်မျှသာ ဖြစ်၏။ ခြောက်လဆိုသည်မှာလည်း တစ်လ၊ နှစ်လ၊ သုံးလ စသည်အားဖြင့် ဆက်တိုက်နေထိုင်ခြင်း မဟုတ်ဘဲ မြို့တစ်မြို့သွားလိုက်–ပြန်လာလိုက်၊ နောက်ခရီးထွက်လိုက်ဖြင့် ယာယီများနေတတ်ကြလေ၏။

ဤကဲ့သို့ ယာယီများနေခြင်းသည်ပင်လျှင် ဗေဒင်ဆရာကြီး ဆရာပုတို့ လင်မယားအား အသက်ရှည်ကြောင်း၊ အနာမဲ့ကြောင်း၊ ချမ်းသာကြောင်း ကျန်းမာကြောင်း၊ အချစ်တိုးကြောင်း လမ်းကောင်းများဖြစ်နေလေသည်။

(၃)

'ဥ'သည် လင်တော်မောင် ဗေဒင်ပညာရှိကြီး ယခုတိုင် ပြန်ရောက်မလာသေးသည့်အတွက် စိတ်ပူနေလေသည်။

နယ်သို့'ဥ'နှင့် 'ပု'တို့ တစ်လခန့် ဗေဒင်ဟောရင်း ခရီးထွက်သွားကြပြီးနောက်၊ ရန်ကုန်ရှိနေအိမ်သို့ ပြန်ရောက်သည်မှာ ယနေ့နှင့် ပါဆိုမှ သုံးရက်သာ ရှိသေး၏။ ရန်ကုန်ရောက်ပြီး ၂ ရက်လောက်မှာ 'ပု'က ခရီးပန်းသည်ဆို၍၊ စပတ်လမ်းပလက်ဖောင်းရှိ လက်တွေ့ဗေဒင်ရိပ်မြုံသို့ အလုပ်မဆင်းသဖြင့် အိမ်တွင် 'ဥ'နှင့်'ပု'တို့သည် အေးချမ်းသာယာစွာ နေခဲ့ကြရ၏ ။

သုံးရက်မြောက်ဖြစ်သော ယနေ့တွင် ဇော်ဂျီဝတ်စုံကို ဝတ်၍ အလုပ်ဆင်းသွားသော 'ပု'မှာ ခါတိုင်းပြန်လာနေကျအချိန်ထက်ကျော်၍ပင် နောက်ကျနေသဖြင့်'ဥ'က စိုးရိမ်နေမိသည်။

ခါတိုင်းညနေ ခြောက်ချက်တီးကျော် ခုနစ်နာရီလောက်တွင် အသံနေအသံထားနှင့် ကြေးစည်တီးသံနှင့်အတူ နောင်ထုကာ ဘုရားရှိခိုးနေကျဖြစ်သော 'ပု'၏အသံကို ယနေ့ည မကြားရသဖြင့် 'ဥ'၏ စိတ်တွင် တစ်ထင့်ထင့်ဖြစ်

mgyoe.com

မိ၏။ ယခုမူ ဘုရားရှိခိုးချိန်မှကျော်လွန်ကာ အိပ်ရာဝင်ချိန် ပတ္တေသုလော ကနီတိပါဠိ–အနက်ကို ရွတ်ချိန်တိုင်အောင် ရောက်မလာသေးသောကြောင့် ‘ဉ’၏ ရင်တွင်းဝယ် အမျိုးမျိုးတွေး၍ ကြောင့်ကြနေရပြန်၏။

ည ကိုးနာရီကျော် ဆယ်နာရီထိုးနေပြီဖြစ်၍‘ဉ’က အိပ်ရာဝင်နေပြီ ဖြစ်သော်လည်း အိပ်၍မပျော်၊ တလူးလူးတလွန့်လွန့်နှင့်သာ အချိန်ကုန်ခဲ့ ရလေသည်။ ဆယ့်တစ်နာရီလောက်တွင်မူ ‘ဉ’သည် မှေးမှေး မှေးမှေးနှင့် အိပ်ပျော်တော့မည်ကဲ့သို့ရှိစဉ်၊ လမ်းပေါ်မှ‘ပု’၏ခေါ်သံကို ကြားရ၏။

“ဉရေ…ဉ…”

ခါတိုင်း မယ်ဉဟုခေါ်နေကျဖြစ်သော်လည်း ယခုညတွင်မူ ‘ပု’က ‘ဉ’ ဟု ချစ်စနိုးခေါ်နေလေသည်။

“ဉရေ…ဟေ…ဟေ…”

‘ပု’ အသံမှာ ယနေ့ည မင်းသားကြီးဟဲသံနှင့် တူသည်ဟု ထင် လိုက်၏။ ‘ဉ’သည် အိပ်ရာမှလူးလဲထကာ မှိန်ထားသော လက်ဆွဲမှန်အိမ် ကလေးကို မီးစာမြှင့်တင်လိုက်၏။ ထို့နောက် အိမ်ရှေ့တံခါးကို ဖွင့်ရန် ထလာခဲ့လေသည်။

“ဉရေ…ဉဉကလေး…ရေ…ဟေ…ဉ…”

“လာပါပြီတော့…တကတည်း…ဘာများဖြစ်နေရတယ် မသိဘူး”

‘ဉ’က တံခါးကို တဒုန်းဒုန်းတဒင်းဒင်း မြည်အောင် ဆောင့်ဖွင့်လိုက် ၏။

ဆရာပုသည် လွယ်အိတ်ကို တစ်ဖက်ကလွယ်လျက် တစ်ဖက်တွင် စားစရာအထုပ်တစ်ထုပ်ကို ကိုင်ကာ တံခါးဝတွင် သွားကြီးကိုဖြဲ၍ တဟဲဟဲ ရယ်ရင်း ရပ်နေလေသည်။

“ရှင်က ဘာဖြစ်လာရပြန်တာလဲ”

‘ဉ’က တစ်ညလုံးဖွဲ့ထားသော ရန်ငြိုးကို ခုမှအတိုးချ၍ မိုးကြိုးပစ် နေ၏။

“ဘာမှဖြစ်ပါဘူး…ဉ…ဉ…ဉ…ဉရဲ့၊ ဟဲ…ဟဲ…ဟဲ…”

ဗေဒင်ဆရာကြီးဆရာပု၏ ပါးစပ်မှ အရက်နံ့သည် ထောင်းကနဲ ထလာ၏။

mgyoe.com

"ရှင်...သောက်လာတယ်ပေါ့လေ..."

"နည်းနည်းပါဥရယ်၊ ကျုပ်ပျော်လွန်း...ပျော်လွန်းလို့"

"ဘာလဲ...ဖိနပ်တစ်ရန် ရခဲ့ပြန်ပလား"

"ဟေ...မိန်းမကလည်း...တွေ့ရာတွေပြောပါနဲ့ကွာ...။ ရော့...ရော့... မင်းစားဖို့ ဝယ်လာတဲ့ခေါက်ဆွဲထုပ်..."

"တော်ပါ...ခုမှ ခေါက်ဆွဲနဲ့ လာချော့မနေနဲ့၊ ဘယ်အလေလိုက်နေလဲ... ပြောစမ်း..."

"မလိုက်ပါဘူး...ဥ...ရာ၊ ရော့...ရော့...ဟောဒီမှာ ကျုပ်ဒီနေ့ရလာတဲ့ ပိုက်ဆံ..."

ဗေဒင်ဆရာကြီး ဆရာပုသည် သူ့အတွင်း အင်္ကျီအိတ်ထဲမှ ငါးကျပ်တန် ကျပ်တန်နှင့် ပြည်တော်သာစေ့များကို စားပွဲခုံပေါ်သို့ စုပြုံ၍ တင်လိုက်၏ ။

"ဟင်...နှစ်ဆယ့်ခြောက်ကျပ်နဲ့ ပြားသုံးဆယ်ဘောင်မှပါလား..."

'ဥ'၏ မျက်နှာမှာ လေပြင်းဆင်၍ သုန်မှုန်နေရာမှ လမင်းသာ၍ လာသလို ကြည်လင်၍ လာလေသည်။

"အေးပေါ့ဟယ်...ကဲ ထချင်တော့ ဒီလိုပေါ့။ ကျုပ်ကို ဒီနေ့ ညနေ လူတစ်ယောက်က ပေးသွားတယ်..."

"ဘယ်သူလဲ...အရင်တစ်ခါတုန်းက ရှင့်ကို ဟိုဒင်းလုပ်သွားတဲ့ လူလား..."

"မဟုတ်ပါဘူးဟယ်...ဥ ကလည်း...ကဲ ...ခေါက်ဆွဲ စားလိုက်ဦး"

'ဥ'နှင့် 'ပု'တို့သည် စားပွဲပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်၍ ခေါက်ဆွဲစားရင်း 'ပု'က သူတွေ့ခဲ့ရသော ညနေက အဖြစ်အပျက်ကို 'ဥ'အား မြိန်ရေရှက်ရေပြောပြနေ၏။

"ကျုပ်က ညနေ ငါးနာရီခွဲလောက်ကျတော့ အလုပ်သိမ်းမယ်လုပ်နေတုန်း ပလက်ဖောင်းပေါ်မှာ လူတစ်ယောက် ငိုက်စိုက်၊ ငိုက်စိုက်နဲ့ လျှောက်လာတယ်။ ဒါနဲ့ ကျုပ်ကလည်း ကျုပ်ဝါသနာအတိုင်း ဗေဒင်ကြည့်သွားပါဦးလား...။ ဥစ္စာပျောက်၊ ပစ္စည်းပျောက်၊ အကြံအောင်မအောင်

mgyoe.com